FDB
မြန်မာနိုင်ငံဒီမိုကရက်တစ်အင်အားစု
Forum for Democracy in Burma
eBulletin

မေလ ၃၁ ၂၀၀၉ | သ တ င်း လွှ ာ | အမှတ်စဉ် ၅ /၂၀၀၉



ဒေါ်အောင်ဆန်းစုကြည် မတရားအမှုဆင်ခံနေရသည့် တရားခွင်ကို လာရောက် စောင့်ဆိုင်းနေကြသော ပြည်သူလူထု။

## မတရားအမိန့် ဖီဆန်ရေးတာဝန်

“အများပြည်သူ သဘောမတူတဲ့ အမိန့်အာဏာ ဟူသမျှကို တာဝန်အရ ဖီဆန်ကြပါ။ တာဝန်အရ ဖီဆန် ရမယ်။ လူတိုင်း လူတိုင်းမှာ တာဝန်ရှိတယ်။ လူတိုင်း လူတိုင်းမှာ အခြေခံလူ့ အခွင့်အရေးတွေကို ကာကွယ်ဖို့ တာဝန်ရှိတယ်။”

ဒေါ်အောင်ဆန်းစုကြည်

# ဇွန်လ ၁၉ ရက်နေ့ ဒေါ်အောင်ဆန်းစုကြည် မွေးနေ့ ကမ္ဘာ့တဝန်း ဆန္ဒပြပွဲ ခေါ်ပြီ

ဒေါ်အောင်ဆန်းစုကြည်ကို ၂၀၀၉ ခုနှစ် မေလ ၂၇ ရက်နေ့၊ နေအိမ်အကျယ်ချုပ်မှ ပြန်လွှတ်ရတော့မည့် အခြေအနေတွင် စစ်အာဏာရှင်စနစ် ရေရှည်တည်မြဲရေး အစီအစဉ်များကို အကောင်အထည်ဖေါ်နိုင်ရန်အတွက် စစ်အစိုးရက ပြန်မလွှတ်ဘဲ အမှုဆင်ထောင်ချရန် ကြိုးပမ်းလာခဲ့ပါသည်။ ထိုသို့ မတရား အမှုဆင်ထောင်ချရန် ကြိုးပမ်းလာသည့်ကိစ္စနှင့် ပတ်သက်၍ ပြည်တွင်းရှိ အတိုက်အခံ အင်အားစုများနှင့် ပြည်သူ များကလည်းကောင်း၊ ကမ္ဘာ့တဝန်းရှိ အစိုးရများနှင့် ပြည်သူများက မခံမရပ်နိုင်ဖြစ်ကာ နည်းမျိုးစုံဖြင့် ကန့်ကွက်ဆန္ဒပြမှုများ ပြုလုပ်လာခဲ့ကြသည်။

ထိုသို့ ကန့်ကွက်ဆန္ဒပြမှုများကို ကမ္ဘာနှင့် အဝန်း တညီတညွတ်တည်း ဖေါ်ထုတ်နိုင်ရန်အတွက် ယခု လာမည့် ဇွန်လ ၁၉ ရက်နေ့တွင် ကျရောက်မည့် ဒေါ်အောင်ဆန်း စုကြည်၏ ၆၄ နှစ်မြောက် မွေးနေ့ကို သတ်မှတ်ရက်အဖြစ်ထားပြီး၊ ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားကောင်စီ(NCUB) ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသား ညွန့်ပေါင်းအစိုးရ (NCGUB)၊ တိုင်းရင်းသားလူမျိုးများကောင်စီ (မြန်မာနိုင်ငံ) (ENC)၊ အမျိုးသမီးများ အဖွဲ့ချုပ် (မြန်မာနိုင်ငံ) (WLB)၊ မြန်မာနိုင်ငံဒီမိုကရက်တစ်အင်အားစု (FDB)၊ မြန်မာနိုင်ငံ ကျောင်းသားလူငယ်များကွန်ဂရက်(SYCB)၊ တိုင်းရင်းသားလူငယ်များအင်အားစု (NY Forum) အပါအဝင် နိုင်ငံတကာရှိ မြန်မာ့ဒီမိုကရေစီ လိုလားသော အင်အားစုများ စု စည်းကာ စုစုပေါင်း အဖွဲ့အစည်း ၂၆ ဖွဲ့မှ ကမ္ဘာအနှံ့ ဆန္ဒပြပွဲများ ပြုလုပ်ကြရန် လှုံ့ဆော် ထားပါသည်။



ထိုနေ့တွင် နိုင်ငံတကာရှိ မြန်မာ့ဒီမိုကရေစီအင်အားစုများက လူထုဆန္ဒပြပွဲများ။ အဓိကကျသည့် သံရုံးများရှေ့ ချီတက်ဆန္ဒပြမှုများ နှင့် မြန်မာ့နိုင်ငံရေး အကျဉ်းသားများကိုယ်စား သက်ဆိုင်ရာ အစိုးရများအား မြန်မာအစိုးရအား တိုးမြှင့်ဖိအားပေးရန် တောင်းဆိုမှုများ ပြုလုပ်ကြမည် ဖြစ်သည်။ ။

# အာမာစကား

## အဆုံးအဖြတ်က လူထုဆီမှာ . . .

ဘယ်လူထုတိုက်ပွဲ၊ ဘယ်နိုင်ငံရေးတိုက်ပွဲကိုပဲ ကြည့်ကြည့်၊ လူထုဘက်က၊ ပြည်သူလူထုကို ကိုယ်စားပြုထားတဲ့ ပါတီအဖွဲ့အစည်းတခုခုက တိုက်ပွဲအကြောင်းခံတခုကို စတင်ဖန်တီးတယ်ဆိုတာထက် အုပ်စိုးသူဘက်ကသာ ဖိနှိပ်မှုနဲ့ တိုက်ပွဲကို စတင်တာဖြစ်တယ်။

ဒါဟာ မြန်မာနိုင်ငံသမိုင်းမှာ မြေလှန်ပြောလို့ရတဲ့ တိုက်ပွဲသမိုင်းသက်သေတွေ အထပ်ထပ်ရှိခဲ့ပြီးပါပြီ။

မြန်မာနိုင်ငံသမိုင်းလို့ပြောရင် စစ်အာဏာရှင်စနစ် ဆန့်ကျင်ရေး၊ ဒီမိုကရေစီရေး တိုက်ပွဲသမိုင်းလို့ ပြောရမှာပါ။ ပြည်သူလူထုကဘက် ဒီမိုကရေစီကို လိုလားတယ်။ စစ်အုပ်စုက စစ်အာဏာရှင်စနစ်ကိုသာ ရေရှည်တည်တံ့ချင်တယ်။

စစ်အာဏာရှင်စနစ်သာလျှင် စစ်ခေါင်းဆောင်တို့ရဲ့ ဘဝ၊ စစ်အုပ်စုရဲ့ အသက်အိုးအိမ်စည်းစိမ်ဖြစ်နေတယ်။ ဒီတော့ စစ်အုပ်စုဟာ စစ်အာဏာရှင် စနစ်တည်မြဲရေးကို နောက်ဆုံး ထွက်သက်အထိ ကာကွယ်လိုကြတယ်။

အဲဒါကြောင့်လည်း ဒီနေ့ စစ်အုပ်စုဟာ စစ်အာဏာရှင်စနစ် တည်မြဲရေးကို ထိပါးနိုင်တဲ့ လူပုဂ္ဂိုလ်၊ ပါတီအဖွဲ့အစည်း နဲ့ အကြောင်းကိစ္စမှန်သမျှကို ရတဲ့ပုံစံနဲ့ နှိပ်ကွက်နေတဲ့ ရန်လိုမှုတွေဟာ အကြိမ်ကြိမ်ပွင့်ကျခဲ့ရတာဖြစ်ပြီး၊ ဒီမိုကရေစီပြကွဒိန်ထဲမှာ ရဟန်းသံဃာ၊ ကျောင်းသား ပြည်သူအပေါင်းတို့ရဲ့ သွေးစွန်းနေ့စွဲပေါင်းများစွာကလည်း အထင်အရှား နေရာယူနေတာ ဖြစ်ပါတယ်။

ဒီနေ့ ဒေါ်အောင်ဆန်းစုကြည်ရဲ့ တည်ရှိမှုဟာ စစ်အာဏာရှင်စနစ် တည်ရှိမှုကို ခြိမ်းခြောက်နေတယ်။ ဒေါ်အောင်ဆန်းစုကြည်ကို ဒီမိုကရေစီလိုလားတဲ့ လူမျိုးပေါင်းစုံ ပြည်သူလူထုကြီး တရပ်လုံးက အပြည့်အဝ ထောက်ခံနေတယ်။

ဒီအတွက် စစ်အုပ်စုက ရှည်ရှည်ဝေးဝေး စဉ်းစားမနေပါဘူး၊ ဂုဏ်သိက္ခာတွေ၊ ဥပဒေတွေ ကျင့်ထုံးတွေကို တခုမှ ငဲ့ကွက်မနေပါဘူး။ ဒေါ်အောင်ဆန်းစုကြည်နဲ့ ဒီမိုကရေစီလမ်းကြောင်းကို သွားလိုတဲ့ ပြည်သူလူထုနဲ့ အဆက်ဖြတ်ရေးကို အရှက်မဲ့စွာ အမှုဆင်ဖန်တီးပါတော့တယ်။

အခု ဒေါ်အောင်ဆန်းစုကြည်ကို ထောင်သွင်းအကျဉ်းချဖို့ လုပ်တာဟာ စစ်အုပ်စုဘက်က စစ်အာဏာရှင် စနစ်ရေရှည်တည်တံ့ရေးအတွက် အရေးကြီးအဆင့်ဖြစ်တဲ့ လမ်းပြမြေပုံအဆင့် ၅ ကို အကောင်အထည်ဖေါ်မယ့်အချိန်မှာ စစ်အာဏာရှင်စနစ်ရဲ့ အဟန့်အတားဖြစ်တဲ့ လူထုခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်ကို ဖယ်ရှားတဲ့နည်းနဲ့ တဖက်သပ်ဖိနှိပ်မှုကို စတင် လိုက်တာပဲဖြစ်တယ်၊ ဒီအချက်နဲ့ ပတ်သက်လို့ စစ်အုပ်စုဘက်က အင်းစိန်ထောင်တွင်း မတရား တရားခွင်မှာလည်း လုပ်ပြနေသလို အင်းစိန်ထောင်အပြင် လမ်းမတွေပေါ်မှာလည်း ဓါးသံ၊ လှံသံ တချွင်ချွင်ပေးပြီး ဖိနှိပ်ရေးဟန်ရေးတွေ ပြနေပါပြီ။

လူထုကလည်း သမိုင်းရှိသည့် လူထု၊ တုတ်သံ ဓါးသံ သေနတ်သံကြားမှာ ရှင်သန်ခဲ့ရသည့်လူထု။ ဒီနေ့ လူထုဟာ လူထုတိုက်ပွဲ တပ်ဦးအလံ ဘယ်နေရာက စတင်လွှင့်ထူလာမလဲဆိုတာသာ မျှော်နေကြပေလိမ့်မယ် ။ ။



# ဂွမ်ဂျူး လူ့အခွင့်အရေးဆု ဗမာနိုင်ငံလုံးဆိုင်ရာကျောင်းသားသမဂ္ဂများအဖွဲ့ချုပ် (နိုင်ငံခြားရေးရာကော်မတီ)မှ ကိုမင်းကိုနိုင် ကိုယ်စား လက်ခံရယူ

မေ ၁၈၊ ကိုရီးယား။




## ကိုမင်းကိုနိုင်ကိုယ်စား ဂွမ်ဂျူးဆုကို ဗကသများအဖွဲ့ချုပ် (နိုင်ငံခြားရေးရာ)မှ ကိုကျော်ဝင်း လက်ခံယူနေစဉ်

၂၀၀၉ ခုနှစ် မေလ ၁၈ ရက်နေ့က တောင်ကိုရီးယားနိုင်ငံ ဂွမ်ဂျူး မြို့တွင် ၂၀၀၉ ခုနှစ်အတွက် ဂွမ်ဂျူးလူ့အခွင့်အရေးဆု ဆုပေးပွဲ အခမ်းအနားကို ကျင်းပခဲ့သည်။

ဂွမ်ဂျူးလူ့အခွင့်အရေးဆုမှာ တောင်ကိုရီးယားနိုင်ငံတွင် ပေါ်ပေါက်ခဲ့သော ၁၉၈၀ ခုနှစ် မေလ လူထုအုံကြွမှုကို အမှတ်ရစေရန် လူ့အခွင့်အရေး ငြိမ်းချမ်းရေး လုပ်ငန်းများ ဆောင်ရွက်နေသော ကိုရီးယားနိုင်ငံနှင့် နိုင်ငံတကာရှိ အဖွဲ့အစည်းများကို နှစ်စဉ်ပေးအပ်ခဲ့သော ဆုဖြစ်သည်။

တောင်ကိုရီးယားနိုင်ငံ မေ ၁၈ ဖောင်ဒေးရှင်းအဖွဲ့(**5.18 Memorial Foundation**)က ၂၀၀၀ ခုနှစ်တွင် အရှေ့တီမောခေါင်းဆောင် ရှာနာနာ ဂတ်စ်မာအိုကို စတင်ချီးမြှင့်ခဲ့ပြီး၊ ၂၀၀၄ ခုနှစ်တွင် မြန်မာ့ ဒီမိုကရေစီ ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို ပေးအပ် ချီးမြှင့်ခဲ့သည်။ ယခု ၂၀၀၉ ခုနှစ်အတွက် ဂွမ်ဂျူးလူ့အခွင့် အရေးဆုကို ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများအဖွဲ့ချုပ် ဥက္ကဌ ကိုမင်းကိုနိုင်ကို ပေးအပ်ချီးမြှင့်ရန် ရွေးချယ်ခဲ့သည်။

ဆုပေးပွဲအခမ်းအနားကို ဂွမ်ဂျူးမြို့၊ ပရာဒိုဟိုတယ်၊ ခရစ်စတယ်ခန်းမတွင် မေလ ၁၈ ရက် ညနေ ၆ နာရီက ကျင်းပခဲ့သည်။ ထို ဆုပေးပွဲအခမ်းအနားတွင် ကိုမင်းကိုနိုင် စစ်အကျဉ်းထောင်ထဲတွင် ဖမ်းဆီးခံထားရသည့်အတွက်၊ သူ့ကိုယ်စား ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများအဖွဲ့ချုပ် (နိုင်ငံခြားရေးရာ ကော်မတီ)မှ ကိုကျော်ဝင်းက ဂွမ်ဂျူးဆုကို လက်ခံ ယူခဲ့ပါသည်။

ဂွမ်ဂျူးလူ့အခွင့်အရေးဆုအဖြစ် ရွှေတံဆိပ်တခု၊ ဂုဏ်ပြုလက် မှတ်တစောင်နှင့် ယွမ်ငွေ သန်း ၅၀ တိတိချီးမြှင့်သည်။ ဆုကြေးငွေကို ကိုမင်းကိုနိုင်၏ ဆန္ဒသဘောထားအတိုင်း ဆောင်ရွက်နိုင်ရန် ကိုမင်းကိုနိုင် ထောင်မှ ပြန်လည်လွတ်မြောက်လာချိန်အထိ ဆုရရှိရေးအတွက် ဆောင်ရွက်ခဲ့သော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ) ကိုရီးယားဌာနခွဲနှင့် ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများ အဖွဲ့ချုပ် (နိုင်ငံခြားရေးရာ ကော်မတီ)တို့မှ ပူးတွဲ ထိမ်းသိမ်းသွားကြမည်ဖြစ်သည်။

ထို ဆုပေးပွဲ အခမ်းအနားတွင် မေ ၁၈ အမှတ်တရ ဖောင်ဒေးရှင်း ဥက္ကဌ မစ္စတာ ကွမ်ဂျန်ယွန်မှ အဖွင့်အမှာ စကား ပြောကြားကာ ကိုရီးယား ဒီမိုကရေစီဖောင်ဒေးရှင်း ဒုဥက္ကဌ မုန်ယောင်ဟီးမှ ကိုမင်းကိုနိုင်အား ၂၀၀၉ ခုနှစ် ဆုရှင်အဖြစ် ရွေးချယ်ခဲ့ရခြင်း အကြောင်းကို ရှင်းလင်း တင်ပြခဲ့ပါသည်။



ဂွမ်ဂျူးဆုနှင့် ဂုဏ်ပြုလက်မှတ်

ကိုမင်းကိုနိုင်အကြောင်း ရိုက်ကူး ထားသည့် ဗွီဒီယို ဇာတ်လမ်း တိုတကားကိုလည်း ပြသခဲ့သည်။

ဆုပေးပွဲတွင် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ ဥက္ကဌ ခွန်တယ်ဒီဘူးရီက မေ ၁၈ အမှတ်တရ ဖောင်ဒေးရှင်းအဖွဲ့သို့ ကျေးဇူးတင်လွှာ ပြန်လည်ပေးအပ်ခဲ့ပြီး၊ ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများ အဖွဲ့ချုပ် (နိုင်ငံခြားရေးရာကော်မတီ)မှ ဦးဆောင်ကော်မတီဝင် ကိုကျော်ဝင်းက ကျေးဇူးတင်စကားပြန်လည် ပြောကြားခဲ့ရာတွင် ကိုကျော်ဝင်းက ကျေးဇူးတင်စကားနှင့်အတူ ဆုပေးပွဲ တက်ရောက်လာကြသူများအား **“ ယနေ့ ဆု လက်ခံရယူ သည့်နေ့မှာပဲ မြန်မာနိုင်ငံမှာ ကျနော် တို့ရဲ့ လူထု ခေါင်းဆောင် ယခင် ၂၀၀၄ ခုနှစ် ဂွမ်ဂျူး လူ့အခွင့်အရေးဆုရှင် ဒေါ်အောင် ဆန်းစုကြည်အား အမှုသစ်နဲ့ တရား စွဲဆိုမှု စတင်တဲ့ နေ့ ဖြစ်ပါတယ်။ အဲဒီအတွက် သူမနဲ့ ကျန် နိုင်ငံရေးအကျဉ်းသားများလွတ်မြောက်ရန် ယခုနေရာမှ တောင်းဆိုပေးကြပါလို့ မေတ္တာရပ်ခံပါတယ် . . .”**လို့ ပြောကြားခဲ့ပါသည်။

။

**“ခေတ်အဆက်ဆက်က ပေးဆပ်ပြီးတော့ လူမသိသူမသိ အသက် တွေ ဘဝတွေ ပေးသွားရတဲ့ အညတရ နောင်တော်တွေ အမတော်တွေကို ကျနော်လှမ်းပြီးတော့ မြင်ယောင်မိတယ်။ ဒီလိုပဲ ကျနော်တို့နဲ့ (၈၈) လမ်း ပေါ်မှာ ချီတက်ကြရင်းနဲ့ အသက်စွန့်သွားကြတဲ့ ရဲဘော်တွေကိုလည်း ကျနော်ပြန်ပြီးတော့ မြင်ယောင်ပါတယ်။ အရင်ခေတ်တွေမှာ သူတို့ရဲ့ ပေးဆပ်မှုတွေကို လူမသိသူမသိနဲ့ ဒီလိုဘဲ ချုပ်ငြိမ်းသွားရတယ်။ ကျနော်တို့ ခေတ်ကျမှဒီလိုအသိအမှတ်ပြုခံလာရတယ်ဆိုတာက တဘက် သတ်ကြည့်မယ်ဆိုရင် တော့ဝမ်းသာစရာပေါ့။ တဘက်ကလည်း အရင်တုံးက ဒီလိုအသိအမှတ်ပြု မခံခဲ့ရတဲ့လူတွေအတွက် ကျနော်တို့ ဝမ်းနည်းပါတယ်ဗျာ။ ”**
(နယူးယောက်အခြေစိုက် Northcote Parkinson Fund အဖွဲ့က ရဲစွမ်း သတ္တိရှိသော အရပ်သားများကို ချီးမြှင့်သည့် ၂၀၀၅ ခုနှစ်အတွက် Civil Courage Award ဆု ချီးမြှင့်ခံရပြီးနောက် ၁၉၈၈–၈၉ ကာလတွင် ဗကသများအဖွဲ့ချုပ် ဥက္ကဌအဖြစ် တာဝန်ယူခဲ့သူ ကိုမင်းကိုနိုင်၏ ဗွီအိုအေနှင့် တွေ့ဆုံမေးမြန်းခန်းတွင် ပြောခဲ့သည့်စကားမှ ကောက်နုတ်ဖော်ပြချက်။)



ကိုသံခဲ

ဥက္ကဌ
မြန်မာနိုင်ငံလုံးဆိုင်ရာ
ကျောင်းသားများ
ဒီမိုကရက်တစ်တပ်ဦး

“နအဖသတင်းစာပါ ဖောက်ခွဲဖျက်ဆီးမှုများနှင့်ပတ်သက်တဲ့ စွတ်စွဲချက်ကို ကျနော်တို့ မကဒတ (ကျောင်းသားတပ်မတော်)က ပြင်းထန်စွာ ကန့်ကွက်ပါတယ်၊ ဒီနေ့ကာလ မြန်မာ့နိုင်ငံရေးအခြေအနေ အကြပ်အတည်းမှာ ဒေါ်အောင်ဆန်းစုကြည် လွတ်မြောက်ဖို့ ကျောင်းသား၊ ပြည်သူတွေရဲ့ လှုပ်ရှားမှုတွေ အရှိန်မြှင့်နေတဲ့အချိန်မှာ နအဖကိုယ်တိုင် မမှန်မကန်သတင်းတွေဖြန့်နေတာ၊ ခြိမ်းခြောက်အနိုင်ကျင့်နေတာတွေ ပြုလုပ်နေတဲ့အပြင် ပြည်သူလူထုကို အထိတ်တလန့်ဖြစ်အောင် လုပ်နေတာလည်းဖြစ်တယ်၊ ဒါကြောင့် အများပြည်သူလူထုကြားမှာ အထိတ်တလန့်ဖြစ်အောင် ဖောက်ခွဲဖျက်ဆီးမှုတွေ ဖြစ်လာရင် နအဖမှာသာ တာဝန်အရှိဆုံး ဖြစ်တယ်။”



ဒေါက်တာနိုင်အောင်
အတွင်းရေးမှူးချုပ်
မြန်မာနိုင်ငံ
ဒီမိုကရက်တစ်အင်အားစု

“အက်ဖ်ဒီဘီအနေနဲ့ အကြမ်းမဖက်တဲ့ လူထုလှုပ်ရှားမှုဆိုတာကို ထောက်ခံပံ့ပိုးတယ်။ ငြိမ်းချမ်းစွာ အသွင်ကူးပြောင်းရေးကိစ္စကို အဲ့ဒီအပေါ်မှာ အခြေခံတဲ့ မူနဲ့ လုပ်ငန်းစဉ်တွေ ရှိတယ်။ အက်ဖ်ဒီဘီ အနေနဲ့ ဒီလိုမျိုး အကြမ်းဖက်တဲ့ လုပ်ငန်းတွေ ဆောင်ရွက်ဖို့ မူလည်း မရှိသလို လုပ်ငန်းစဉ်လည်း မရှိပါဘူး။ ဒီလိုမျိုးဆောင်ရွက်နေတဲ့ အနေအထားက ၂၀၁၀ မတိုင်ခင်မှာ အတိုက်အခံတွေကို ဖိနှိပ်တာ၊ ဖြိုခွဲ တာ၊ ဂုဏ်သိက္ခာကျအောင်လုပ်တာ၊ ပြည်သူတွေအထင်အမြင် လွဲမှားအောင်လုပ်တာလို့ ကျနော်တို့ ယူဆပါတယ်။

အခုလောလောဆယ် ဒေါ်အောင်ဆန်းစုကြည်ကိစ္စမှာ ပြည်သူလူထုရဲ့ နိုးကြားတဲ့လှုပ်ရှားမှုတွေ၊ ပိုစတာကပ်တာတွေ၊ အဲဒီလို လူစုစုဖြစ်မယ့်ကိစ္စတွေမှာ အကြမ်းဖက်ပုံးခွဲတာတွေရှိမယ်ဆိုတဲ့ သဘောမျိုးနဲ့ ပြည်သူလူထုလှုပ်ရှားမှု ဖြစ်မလာအောင် ခြိမ်းခြောက်ဟန့်တားတဲ့ သဘောမျိုး ဖြစ်ပါတယ်။”

## ဒေါ်အောင်ဆန်းစုကြည်အတွက်
## မတရားအမှု ဆန့်ကျင်ရေး
## FDB ခေါင်းဆောင်များ စုဝေးပြင်ဆင်

မေ ၁၉။



ဒေါ်အောင်ဆန်းစုကြည်အရေးအတွက်
FDB ခေါင်းဆောင်များ စည်းဝေးနေကြစဉ်

ယခုလ ၁၉ ရက် နေ့တွင် မြန်မာနိုင်ငံဒီမိုကရက်တစ်အင်အားစု (FDB) ၏ မူဝါဒရေးရာဦးဆောင်အဖွဲ့နှင့် အတွင်းရေးမှူးအဖွဲ့၏ အစည်းအဝေးတရပ်ကို FDB ရုံးတွင် ကျင်းပခဲ့ပါသည်။ အဆိုပါ အစည်းအဝေးတွင် လူထုခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်အား နအဖစစ်အုပ်စုမှ မတရား အမှုဆင်ပြီး အင်းစိန်ထောင်သို့ပို့ကာ တရားစွဲသည့်အပေါ်တွင် ဖြစ်ပေါ်လာသည့် ပြည်တွင်းပြည်ပ နိုင်ငံရေး အခြေအနေများကို သုံးသပ်ဆွေးနွေးခဲ့ကြပါသည်။

နအဖစစ်အုပ်စုသည် ဒေါ်အောင်ဆန်းစုကြည်အား ယခုကဲ့သို့ လုပ်ဆောင်ခြင်းသည် ၂၀၁၀ ရွေး ကောက်ပွဲကျင်းပရေး ဆိုသည့် လမ်းပြမြေပုံအဆင့်(၅)ကို အောင်မြင်စွာ ကျင်းပပြီး လူထုနှင့် နိုင်ငံတကာကို ချပြနိုင်ရန်အတွက် ပွဲပြီးမီးသေဖြစ်ရန် ထိုးစစ်ဆင်လိုက်ခြင်းဖြစ်ကြောင်း၊ သို့သော် ပြည်တွင်းလူထုများ၏ မတရားမှုအပေါ် မကျေနပ်ချက်များ၊ ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာအင်အားစုများ၊ အိမ်နီးချင်းနိုင်ငံများကပါ ဝိုင်းဝန်း ဆန့်ကျင်ပြီး ဒေါ်အောင်ဆန်းစုကြည် လွှတ်မြောက်ရေးနှင့် အင်အားစု အားလုံး ပါဝင်သည့် နိုင်ငံရေး ဖြစ်ထွန်းမှု ဖေါ်ဆောင်ရေး တောင်းဆိုချက်များကို တကမ္ဘာလုံးက တောင်းဆိုဖိအားပေးတာကို ခံနေရကြောင်း၊ အဓိကပြည်တွင်း အန်အယ်ဒီအပါအဝင် မိမိတို့အင်အားစုများအားလုံးမှ တောင်းဆိုနေရုံ၊ ကြေညာချက်များ ထုတ်နေရုံနှင့် နအဖစစ်အုပ်စုကို ဖိအားမပေးနိုင်ပဲ လူထုအားလုံးမှ နေရာဒေသ အသီးသီးအလိုက် ဒေါ်အောင်ဆန်းစုကြည်နှင့် နိုင်ငံရေးအကျဉ်းသားများ လွှတ်မြောက်ရေး၊ မတရားသည့် အမိန့်ဥပဒေများ ဖိနှိပ်မှုများကို ကိုယ်တိုင်တောင်းဆို တိုက်ပွဲဝင်ရေးဆိုသည့် ပေါ်လစီဆိုင်ရာကိစ္စများ၊ ကြွေးကြော်သံများ၊ လုပ်ငန်းစဉ်များကို အဆိုပါအစည်းအဝေးမှ ဆွေးနွေးဆုံးဖြတ်ခဲ့ကြပါသည်။

ထို့အပြင် (FDB) မှ မဟာမိတ် အင်အားစုများနှင့် ဟန်ချက်ညီ ပူးပေါင်းဆောင်ရွက်ရေးအတွက်လည်း အစီအစဉ်များ ချမှတ်ခဲ့ကြပါသည်။ ။

# အခြေအနေက တောင်းဆိုနေတဲ့ မြေအောက်လှုပ်ရှားမှု

ဖိုးသံချောင်း

ခလုတ်ထိမှ အမိတတယ်ဆိုတာ လူတိုင်းပါ။ သူမှဒီလိုဖြစ်တယ်၊ ကိုယ်မှဒီလိုဖြစ်တယ်ဆိုတာမျိုးမဟုတ်ပါဘူး။ လူ့ဘဝမှာ ဖြစ်နိုင်ခြေအားလုံးအတွက် ပြင်ဆင်ပြီးသားဖြစ်ဖို့ဆိုတာ မလွယ်ပါဘူး။ ဒါပေမယ့် စဉ်းစားရသရွေ့ကိုတော့ စဉ်းစားပြင်ဆင်ထားရပါမယ်။

ဒေါ်အောင်ဆန်းစုကြည်ကို မတရားရုံးတင်အကျဉ်းချဖို့ နအဖက ကြိုးစားလာတော့ တချို့က အင်းစိန်ထောင်ကို ချီတက်ကြပြီး တချို့ကတော့ အလစ်အငိုက်ပိုစတာကပ်တာတွေ၊ စာရွက်ကြဲတာတွေ လုပ်ကြတာ တွေ့ရပါတယ်။ တိုက်ပွဲသဏ္ဍာန်အမျိုးအမည်များတာမို့ ဝမ်းသာရပါတယ်။ ဒါပေမယ့် တဆက်ထဲတွေ့လာရတာက ဒါလောက်နဲ့ မလုံလောက်၊ လုံးဝ မလုံလောက်ဆိုတာပဲဖြစ်ပါတယ်။ ဒါဖြင့်ရင် တိုက်ပွဲအမျိုးမျိုး ပေါ်ပေါက် အောင် သဏ္ဍာန်ကို ဘယ်လိုဖော်ထုတ်မလဲ။ ကိုယ့်အတွက် အထိအခိုက် အနည်းဆုံးဖြစ်အောင် ဘယ်လိုလုပ်မလဲ။ ရေရှည် သယ်ဆောင်သွားဖို့ ဘာနဲ့လုပ်မလဲ။ လက်တွေ့လုပ်မယ့်လူဟာ လက်တွေ့စဉ်းစားရပါမယ်။

ဒီလိုနဲ့ အခုတော့ မြေအောက်လုပ်ငန်းအဆောက်အအုံတွေ၊ ကွန်ယက်တွေလိုအပ်ကြောင်း သဘောပေါက်နားလည်လာတဲ့သူတွေ များသထက်များလာပါတယ်။ ဒါပေမယ့် တည်ဆောက်ကြ၊ လုပ်ကိုင်ကြတာတွေ တော်တော်များများဟာ စစ်ရောက်မှ မြားချွန်ဆိုတာမျိုး ဖြစ် နေပါတယ်။ တချို့ ကတော့လည်း မြေအောက်ဆိုတာ ဘယ်လိုလုပ်ရသလဲလို့ အခုမှစုံစမ်း၊ မေးမြန်း၊ လေ့လာတာတွေ လုပ်ကြပါတယ်။ ဘာပဲပြောပြော မလုပ်တာနဲ့စာရင် နောက်ကျတာက တော်သေးတယ်လို့ပဲ ဆိုကြပါစို့။

ဘာဖြစ်လို့ မြေအောက်လုပ်ကြတာလဲဆိုတာကို သဘောမပေါက်ကြလို့ နောက်ကျကြတာလို့ဆိုချင်ပါတယ်။ မြေအောက်လုပ်တယ်ဆိုတာ လွယ်လွယ်ပြောရရင် မြေပေါ်မှာ လုပ်မရလို့ပဲဖြစ်ပါတယ်။ မတရားဖိနှိပ်မှုပြင်းထန်လှတဲ့ အုပ်စိုးသူတွေရဲ့ လက်အောက်မှာနေရတဲ့ အဖိနှိပ်ခံတို့က မိမိတို့ရဲ့ ထွက်ရပ်လမ်းကိုရှာကြရာမှာ မြေအောက်လုပ်ငန်းဟာ မဖြစ်မနေလုပ်ရတဲ့ လုပ်ငန်းတခုဖြစ်လာပါတယ်။ ပြည်သူတရပ်လုံး ဒီမိုကရေစီအခွင့်အရေးတွေ အပြည့်အဝခံစားခွင့်ရရင် ဘယ်သူမှ မြေအောက်လုပ်မနေပါဘူး။ လုပ်မယ်ဆိုရင်လည်း ပတ်ဝန်းကျင်က ခွင့်မပြုပါဘူး။ ပေါ်ပေါ်ထင်ထင်၊ လွတ်လွတ်လပ်လပ်လုပ်လို့ရတဲ့ ကိစ္စတရပ်ကို ဘယ်သူကမှ အသက်အန္တရာယ်စွန့်စားပြီး လျှို့ဝှက်သဲဖို လုပ်မနေပါဘူး။

ဒီတော့သမိုင်းမှာ မြေအောက်လုပ်ငန်းကို ဖက်ဆစ်နာဇီတွေလက်အောက်၊ ကိုလိုနီအုပ်စိုးသူတွေလက်အောက်မှာ လုပ်ကြတာရှိသလို နအဖလိုဖိနှိပ်တဲ့ အာဏာရှင်တွေအောက်မှာလည်း လုပ်ကြပါတယ်။ ဒီနေရာမှာ မြေအောက်လုပ်ငန်းဆိုတာ မတရားဖိနှိပ်တဲ့ အစိုးရတရပ်ကို ဆန့်ကျင်ဖို့အတွက် အဲဒီအစိုးရမသိအောင် ဖွဲ့စည်းလှုပ်ရှားတာမျိုးကို ဆိုလိုတာဖြစ်ပါတယ်။ ဒါဟာ မူးယစ်ဆေးဝါးလုပ်ငန်းလို၊ မာဖီးယားဂိုဏ်းလို၊ မှောင်ခိုစီးပွားရေးလုပ်ငန်းတွေလို ဟာတွေကို ဆိုလိုတာမဟုတ်ဘူးဆိုတာကို ဦးစွာရှင်းအောင် ပြောထားဖို့လိုပါတယ်။ အခုပြောနေတဲ့ မြေအောက်လုပ်ငန်းဆိုတာဟာ နိုင်ငံရေးပြဿနာက အစပြုပြီး နိုင်ငံရေးဦးချက်တခုအတွက် လှုပ်ရှားတဲ့ လုပ်ငန်းဖြစ်ပါတယ်။ အစိုးရခွင့်မပြုတဲ့ လုပ်ငန်းတိုင်းကို မဆိုလိုပါဘူး။

မြေအောက်လုပ်ငန်းဆိုတာ သူ့ချည်းလှုပ်ရှားရတာ၊ လက်နက်ကိုင်တိုက်ပွဲနဲ့တွဲဖက်လှုပ်ရှားရတာ၊ လူထုအုံကြွ မှုနဲ့ တွဲဖက်ရတာစသဖြင့် အနေအထားကိုလိုက်လို့ သူ့ရဲ့အခန်းကဏ္ဍတွေက ကွဲပြားပါတယ်။ ဒါကိုတနည်းပြန်ပြောရရင် မြေအောက်လုပ်ငန်းဟာ တိုက်ပွဲသဏ္ဍာန်ပေါင်းစုံကို အထောက်အကူပေးနိုင်တယ်လို့ဆိုတာ ဖြစ်ပါ တယ်။ ဒါပေမယ့် မြေအောက်လုပ်ငန်းအားလုံးဟာ လူထုကို အခြေခံပြီး လူထုရဲ့ ထောက်ခံအားပေးမှုကို အားပြုလုပ်ကိုင်ရ တာ ဖြစ်ပါတယ်။ နောက်ပြီး မြေအောက်လုပ်ငန်းဟာ တိုင်းပြည်ရဲ့ နိုင်ငံရေးဇာတ်ခုံပေါ် မှာ တခါတလေမှာ အရံအခန်း၊ တခါတလေမှာ အဓိကအခန်းရယ်လို့လည်း အခြေအနေအရ ကွဲပြားပါသေး တယ်။



အထက်မှာပြောခဲ့သလိုပဲ မြေအောက်လုပ်ငန်းလုပ်တယ်ဆိုတာ အဖိနှိပ်ခံပြည်သူတွေက မိမိတို့ရဲ့ ရည်မှန်းချက်ကို လွတ်လပ်စွာ အကောင်အထည် ဖော်ခွင့်မရတဲ့အတွက် သယ်ဆောင်တဲ့ နည်းနာ တခုဖြစ်ပါတယ်။ ဒါနဲ့ ပြောင်းပြန် အုပ်စိုးသူ၊ အာဏာရနေသူ တွေက မြေအောက်လို လုပ်တယ် ဆိုရင်တော့ ဒါဟာ ခိုးကြောင်ခိုးဝှက်၊ ကလိမ်ကကျစ်လုပ်တာသာဖြစ်တယ်ဆိုတာ ပြောထားဖို့ လိုပါတယ်။ သူများနိုင်ငံအပေါ် သူလျှို လုပ်တာ၊ ထောက်လှမ်းရေးလုပ်တာကိုလည်း မြေအောက်လုပ်ငန်းလို့ မဆိုနိုင်ပါဘူး။

တကယ်တော့ ဗမာပြည်ပြည်သူတွေဟာ မြေအောက်လုပ်ငန်း အတွေ့အကြုံ အင်မတန်ကြွယ်ဝတယ်လို့ ပြောရင်ရပါတယ်။ တနိုင်ငံလုံး သူ့ကျွန်ဘဝရောက်တယ်ဆိုတာနဲ့ အင်္ဂလိပ်ကိုလိုနီတွေကို ပြန်ချဖို့ ပြင်ဆင်ကြတဲ့ မင်းညီမင်းသားများနဲ့ လူထုတွေ၊ ဆရာတော် သံဃာတော်တွေရဲ့ လှုပ်ရှားမှုတွေက စတွက်လိုက်ရင် ဗမာပြည်ရဲ့ မြေအောက်လုပ်ငန်းသမိုင်းဟာ နှစ်ပေါင်း ၁၂၀ ကျော်ပါပြီ။ ဒီလို မြေအောက်လှုပ်ရှားမှုတွေကနေ ဗမာ့ထွက်ရပ်ဂိုဏ်း၊ ဗမာပြည်ကွန်မြူနစ်ပါတီ၊ ရဲဘော် သုံးကျိပ်စတာတွေ ပေါ်ထွက်လာပြီး လွတ်လပ်ရေးတိုက်ပွဲကို သယ်ဆောင်ခဲ့ကြပါတယ်။ ထောင်ထဲကနေ မြေအောက်လုပ်ငန်းလုပ်သူ တွေကတဆင့် လွတ်လပ်ရေးတိုက်ပွဲကို ခေါင်းဆောင်ကြပါတယ်။ လွတ်လပ်ရေးနောက်ပိုင်းမှာလည်း မြေအောက်လှုပ်ရှားမှုတွေ တောက်လျှောက်တည်ရှိခဲ့ပြီး မြို့ပေါ်လူထုအုံကြွမှုကြီးတွေ အမြောက်အမြားကို ဖော်ထုတ်ခဲ့ကြပါတယ်။

တခြားနိုင်ငံတွေမှာလည်း အလားတူသာဓကတွေ အများကြီး ရှိပါတယ်။ ပြောမကုန်ပါ။

ဒါကြောင့် ဗမာပြည်ရဲ့ ၁၉၄၈ ခုနှစ်နောက်ပိုင်း အုပ်စိုးသူလူတန်းစား၊ အထူးသဖြင့် ဆိုရှယ်လစ်ပါတီနဲ့ သူတို့နဲ့ နွယ်နေတဲ့

စစ်အုပ်စုဟာ မြေအောက်လုပ်ငန်းကို အကြီးအကျယ်ကြောက်ရွံ့ ရွံ့မုန်းကြပါတယ်။ ဒီလိုနဲ့ပဲ သူတို့ဟာ ပြည်သူတွေကို ဖိနှိပ်ဖို့၊ ခြောက်လှန့်ဖို့၊ အထူးသဖြင့် မြေအောက်လုပ်ငန်းတွေကို ရှာဖွေဖျက်ဆီးဖို့ အတွက် ပြည်တွင်းပြည်ပမှာ နာမည်ဆိုးနဲ့ ကျော်ကြားလှတဲ့ ထောက်လှမ်းရေး ယန္တရားကြီးတခုကို တည်ဆောက်ထိန်းသိမ်းခဲ့ကြပါတယ်။ ဒါပေမယ့် အခုတော့ အဲဒီထောက်လှမ်းရေးဆိုတာကြီးပဲ အစိပ်စိပ်အမြွာမြွာ ပြိုကွဲဖျက်သိမ်းခံခဲ့ရပြီး မြေအောက်လုပ်ငန်းတွေကတော့ ဆက်လက်တည်ရှိနေ၊ ထပ်မံပေါက်ဖွားနေပါတယ်။ ဒါက ဖော်ပြနေတာက စစ်အုပ်စုရဲ့ ထောက်လှမ်းရေးယန္တရားဟာ တပွဲချင်းမှာ ပြည်သူ့အင်အားစုတွေအပေါ်မှာ အနိုင်ရတာတွေရှိပေမယ့် တရားတခုလုံးအနေနဲ့တော့ အဆုံးမှာ သူတို့ပဲ အရှုံးနဲ့ ဇာတ်သိမ်းရတယ်ဆိုတာ ဖြစ်ပါတယ်။

ဒါပေမယ့် အုပ်စိုးသူအာဏာရှင်များဟာ မြေအောက်လုပ်ငန်းတွေ တည်ရှိနေသရွေ့ သူတို့အတွက် အန္တရာယ်ကြီးလှတာမို့ ဖြိုခွဲဖို့အတွက် ထောက်လှမ်းရေးလို အဖွဲ့အစည်းတွေ ဆက်ထူထောင်နေအုန်းမှာပဲ ဖြစ်ပါတယ်။ တိုးချဲ့နေ၊ အားဖြည့်နေအုန်းမှာလည်း ဖြစ်ပါတယ်။

နအဖအစိုးရဟာ အခုလို ဒေါ်အောင်ဆန်းစုကြည်ကို အမှုဆင်ရုံးတင်လိုက်ခြင်းအားဖြင့် သူတို့ရှေ့ဆက် လျှောက်မယ့်လမ်း၊ ရှေ့ဆက်ကျင့်သုံးမယ့်လမ်းစဉ်တို့ကို ဖော်ပြလိုက်တာဖြစ်တယ်ဆိုရင် မမှားပါဘူး။ အဓိပ္ပါယ်က ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ၂၀၁၀ ရွေး ကောက်ပွဲတွေရဲ့ နောက်မှာလည်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နဲ့ ဒေါ်အောင်ဆန်းစုကြည်ကို အဓိကဦးတည်ရန်သူအဖြစ်သဘောထား၊ ၁၉၉၀ ခုနှစ်က လက်ကျန်အင်အားစုတွေကို မသေမရှင်ထား၊ တက်ကြွသူတွေကို ထောင်ထဲ၊ ဒါမှမဟုတ် ပြည်ပ၊ ဒါမှမဟုတ် တောထဲကို မောင်းပို့ဆိုတဲ့ ပေါ်လစီကို ဆက်လက်ကျင့်သုံးသွားမယ်ဆိုတာပါပဲ။

ဗမာပြည်ရဲ့ ရှေ့အလားအလာ အလင်းရောင် မမြင်ရတာ မဟုတ်ပါဘူး။ ဒါပေမယ့် စိတ်ကူးယဉ်လို့မရတာတော့ အမှန်ပါပဲ။ လူသားစားကျားကို တဖြည်းဖြည်းချင်းနဲ့ ဟင်းသီးဟင်းရွက်ပဲ စားလာအောင် လေ့ကျင့်ပေးသွားမယ်ဆိုတာမျိုး မတွေးသင့်ပါဘူး။ ရေရှည်တိုက်ပွဲအတွက် စနစ်တကျ ပြင်ဆင်ရပါမယ်။ အဲဒီလိုပြင်ဆင်ရာမှာ အချို့သောတက်ကြွသူတွေက မြေအောက်လုပ်ငန်းအတွက် သီးသန့် ပြင်ဆင်တာကိုလည်း အာရုံထားလုပ်ရပါမယ်။

အပျော်ထမ်းဆံမှု၊ တပွဲထိုးဆံမှုတွေကို ဆန့်ကျင်ပြီး ရေရှည်အတွက် အမြင့်ဆုံးစွန့်လွှတ်မှုကိုပါ ပိုင်းဖြတ်ပြီး စနစ်တကျလုပ်ရပါမယ်။ ယူကျီလုပ်တယ်ဆိုတာ အချိန်အားရှိလို့ အပျော်ကစားတာ မဟုတ်ပါဘူး။ သဘောတရားတခုကို လက်တည့်စမ်းတာ မဟုတ်ပါဘူး။ ဖြစ်ကတတ်ဆန်း၊ တော်ရိလျော်ရိလုပ်လို့ မဖြစ်ပါဘူး။ စစ်တိုက်သလိုပဲ အသက်ပေါင်း၊ ဘဝပေါင်းများစွာကို အရင်းအနှီးပြုပြီး လုပ်ကိုင်ရတာဖြစ်တယ်ဆိုတာ သဘောပေါက်ဖို့ဟာ အလွန်အရေးကြီးပါတယ်။

နေရတကာ၊ အလွှာပေါင်းစုံ၊ လူတန်းစားပေါင်းစုံ၊ လုပ်ငန်းပေါင်းစုံထဲမှာ မြေအောက်ကွန်ယက်တွေဖြန့်ကျက် တည်ဆောက်ရပါမယ်။ ဒီလိုနဲ့ နအဖစစ်အာဏာရှင်တွေကို ဆန့်ကျင်တဲ့ ဘယ်လိုလှုပ်ရှားမှုမျိုးကိုမဆို နည်းမျိုးပေါင်းစုံနဲ့ တွဲဖက်ပေါင်းစပ်ကာ အောင်ပွဲဆီ အတူတက်လှမ်းနိုင်ပါမယ်။ ။

**ဖိုးသံချောင်း**

# လူထုက တာဝန်ကျေ ခေါင်းဆောင်မှုသာလို

***လူထုစိန်ဝင်း***

ဝါရင့်သတင်းစာ ဆရာကြီးလူထုဦးစိန်ဝင်းကတော့ ဒီအမှုဖြစ်လိုက်တဲ့အတွက် ရှေ့ဘာကိုဆက်လုပ်ရမယ်ဆိုတဲ့ နိုင်ငံရေးလမ်းစမြင်လိုက်ရတယ် လို့ ဆိုပါတယ် …

'အခုလို တုန့်ပြန်လိုက်တာကတော့ အင်မတန်ကိုပဲ ဆင်ခြင်တုံတရားကင်းမဲ့တဲ့လုပ်ရပ်လို့ ယူဆပါတယ်။ ဒါ အမျိုးသား ပြန်လည်ရင်ကြားစေ့ရေးဆိုတာဟာ တံခါးပိတ်ပစ်လိုက်တယ် လို့ပဲ ယူဆပါတယ်။ တိုင်းပြည်အတွက်ကတော့ ဘယ်လောက်ထိခိုက်မလဲဆိုတော့ သိပ်ပြီးတော့ မထူးတော့ပါဘူး။ နှစ်ပေါင်း ၅၀ လောက်လဲ တိုင်းပြည်က ဒုက္ခတွေကို ခါးစည်းပြီးတော့ ခံလာခဲ့ကြရပါတယ်။ ရှေ့လျှောက်လဲ ဘယ်လောက် ဆိုးနိုင်ဦးမလဲ၊ ဒါ သိပ်ပြီးတော့ ထူးစရာအကြောင်းမရှိဘူး။ တဖက်က ကြည့်ရင်တော့ ကောင်းတဲ့အပြောင်းပဲဖြစ်သွားနိုင်တယ်၊ ခုလောလောဆယ်ဆိုလို့ရှိရင် ဖြစ်တဲ့နည်းနဲ့ပေးတဲ့ ဘောင်ထဲကနေပြီးတော့ ဒီမိုကရေစီကို အကောင်အထည်ဖော်ကြမယ်ဆိုတဲ့ လေသံတွေက တော်တော်ကျယ်တယ် ပြည်တွင်းမှာရော ပြည်ပမှာရော အဲဒီလိုဖြစ်တဲ့နည်းနဲ့ ပေးတဲ့ဘောင်ထဲကနေပြီးတော့ ဒီမိုကရေစီကို ဖော်ဆောင်မယ်ဆိုတဲ့ အော်ဟစ်နေတဲ့လူတွေတော့ နည်းနည်းအသံတိတ်သွားလိမ့်မယ်ထင်တယ်'

လူထုက တာဝန်ကြေ …

'မဖြစ်နိုင်တဲ့ မျှော်လင့်ချက်ကြီးတွေကို မျှော်လင့်ပြီးတော့ တိုင်းပြည်ဟာ ရေစုန်မျောလာခဲ့တာ ကြာပြီ ကိုယ်လုပ်စရာရှိတာတွေကို သူတို့ ရှေ့ဆက်ပြီးတော့ စဉ်းစားကြလိမ့်မယ်ထင်တယ်။ ဒါ အခု အနှစ် ၂၀ လုံးလုံး NLD ဟာ ဘာမှ စွမ်းစွမ်းတမံဆောင်ရွက်တယ်ဆိုတာ မရှိဘူး။ ကုလသမဂ္ဂကပဲ လာပြီး ကယ်တင်မှာလိုလို၊ ဟုတ်လား ဂမ်ဘာရီကပဲ လာပြီးတော့ ညှိနှိုင်းပေးမှာလိုလို ခုနကပြောသလိုပေ့ါနော် အမျိုးသားပြန်လည်သင့်မြတ်ရေး ဆိုတာပဲဖြစ်လာမလိုလို မဖြစ်နိုင်တဲ့ မျှော်လင့်ချက်ကြီးတွေကို မျှော်ပြီးတော့။ လုပ်သင့်လုပ်ထိုက်တာ တခုကို ဆုံးဖြတ်လိုက်ရင် အခုလိုပေ့ါ ပြည်တွင်းမှာရော ပြည်ပမှာရော အငြင်းပွားနေကြတာတွေ ရပ်စဲသွားလိမ့်မယ်လို့ထင်တယ်၊ ညီညွတ်ရေးလည်း ပြန်လည်ရရှိလာလိမ့်လို့ထင်တယ်။ အဓိက မြန်မာပြည်မှာ အားနည်းနေတာ ညံ့ဖျင်းနေတာ ဘာလဲဆိုလို့ရှိရင် ခေါင်းဆောင်မှု ပြဿနာပဲ၊ နောက်လိုက်တွေ ပြည်သူတွေက တာဝန်ကြေပါရက်နဲ့ ရှေ့ကခေါင်းဆောင်ရမယ့်လူတွေက ညံ့ဖျင်းနေတယ်။ အဲဒါကြောင့်မို့ မြန်မာပြည်ဟာ ရေစုန်မျောနေတာဖြစ်တယ်'

***လူထုစိန်ဝင်း***

( ဗွီအိုအေ အသံလွှင့်ဌာနရဲ့ သတင်းစာဆရာကြီး လူထုစိန်ဝင်းကို မေးမြန်းချက်တွေထဲကနေ ကောက်နုတ်ဖော်ပြပါတယ်။)




# ၂၀၁၀ ရွေးကောက်ပွဲဟာ မြန်မာနိုင်ငံအတွက် အဖြေမဟုတ်

**ဦးဝင်းတင်**

"ရွေးကောက်ပွဲတွေဟာ ကျနော်တို့အားလုံးနားလည်ထားသလို ဒီမိုကရေစီ မဟုတ်ကြပါဘူး။ လူတွေ လုံခြုံမှုမရှိ ဖြစ်နေရင် ဝေါ်ပြတ်နေကြရင် ရွေးကောက်ပွဲတွေဟာ အဲ့ဒီကိစ္စတွေကို ကိုင်တွယ်ဆောင်ရွက်ကောင်း ဆောင်ရွက်နိုင်မှာဖြစ်သလို ကိုင်တွယ် ဆောင်ရွက် နိုင်ချင်မှ လည်းဆောင်ရွက်နိုင်ပါလိမ့်မယ်။ ဒါပေမယ့် ရွေးကောက်ပွဲတွေဟာ ပြီးပြည့်စုံတဲ့အပေါ်လွှာဖုံးတခုတော့မဟုတ်ပါ ဘူး။ ခင်ဗျားတို့ သိတဲ့အတိုင်းကြုံသလို ဖမ်းဆီးမှုတွေ ဒါမှမဟုတ် အကျင့်ပျက်မှုတွေကို ရွေးကောက်ပွဲတခုက ကိုင်တွယ်ဆောင်ရွက်ကောင်းရွက်နိုင်မှာ ဖြစ်သလို ကိုင်တွယ်ဆောင်ရွက် နိုင်ချင်မှလည်း ဆောင်ရွက်နိုင်ပါလိမ့်မယ်။ "

**အမေရိကန်သမ္မတ အိုဘားမား**

ဝါရှင်တန်ပို့စ်

၁၉၊ ဇန်နဝါရီ၊ ၂၀၀၉

ရွေးကောက်ပွဲတွေဟာ ဒီမိုကရေစီမဟုတ်ဘူးလား။ ၅၂ သန်းသော ပြည်သူလူထုကြီးတရပ်လုံးဆယ်စုနှစ်လေးစု ကျော်ကျော် စစ်အစိုးရရဲ့ဖိနှိပ်မှုခံနေရတဲ့ ကျနော်တို့ရဲ့တိုင်းပြည်အတွက်တော့ လုံးလုံးကြီးကို မှန်ကန်ပါတယ်။ အခုအချိန်မှာ အားပျက်စရာ စိန်ခေါ်မှုတစ်ခုနဲ့ ရင်ဆိုင်နေရပါတယ်။ အဲ့ဒါကတော့ မြန်မာနိုင်ငံမှာ စစ်အာဏာရှင်စနစ်ကို အခိုင်အမာ တည်တန့်ခိုင်မြဲအောင် လုပ်ဆောင်ပေးမယ့် လာမယ့် ၂၀၁၀ ရွေးကောက်ပွဲပဲဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာ ရွေးကောက်ပွဲတွေ အများကြီး ကျင်းပခဲ့ပါတယ်။ မြန်မာနိုင်ငံပါလီမန် ဒီမိုကရေစီနိုင်ငံတစ်ခုဖြစ်ခဲ့ပြီး ပြည်သူလူထုက သူတို့ရဲ့ ခေါင်းဆောင်တွေကို လွတ်လွတ်လပ်လပ် ရွေးချယ်ခွင့်ရခဲ့တဲ့ ၁၉၄၇ ခုနှစ်နဲ့ ၁၉၆၀ ခုနှစ်ကြားမှာ ရွေးကောက်ပွဲတွေ အများကြီး ရှိခဲ့ပါတယ်။ မြန်မာနိုင်ငံတပါတီ အုပ်စိုးမှုအောက်ရောက်ခဲ့ပြီး ဗိုလ်ချုပ်နေဝင်းရဲ့ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီက ရွေးချယ်ပေးလိုက်တဲ့ ကိုယ်စားလှယ်တွေ ဆန့်ကျင်ကန့်ကွက်သူမရှိ လှုပ်ရှားနိုင်ခဲ့တဲ့ ၁၉၇၄ ခုနှစ်နဲ့ ၁၉၈၈ ခုနှစ် ကြားမှာလည်း ရွေးကောက်ပွဲတွေရှိခဲ့ပါတယ်။ ဗိုလ်နေဝင်းရဲ့ ၂၆နှစ်တာ အုပ်စိုးမှုကို လည်းနေလေ့အောင်း မြင်းဖောင်းမကျန် ပြည်သူလူထု သန်းပေါင်းများစွာက ပါတီစုံဒီမိုကရေစီ စနစ်တောင်းဆိုဖို့လမ်းပေါ်ထွက်ဆန္ဒပြလာအောင် စည်းရုံးသိမ်းသွင်းနိုင်စွမ်းရှိခဲ့တဲ့ ကျောင်းသားတွေ ဦးဆောင်တဲ့ ၁၉၈၈ ခုနှစ် လူထု ဒီမိုကရေစီအရေးတော်ပုံကြီးက ယိမ်းယိုင်ဖြိုကျသွားစေခဲ့ပါတယ်။ အဲ့ဒီ ငြိမ်းချမ်းတဲ့ လူထုဆန္ဒပြပွဲတွေကို နောက်ပိုင်းမှာ ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲ ကျင်းပပေးမယ်၊ အဲ့ဒီရွေးကောက်ပွဲကနေမှ အရပ်သားအုပ်စိုးမှုဖြစ်ရအောင် အာဏာကို ငြိမ်းငြိမ်းချမ်းချမ်းလွှဲပြောင်းပေးပါမယ်လို့ ကတိပေးခဲ့တဲ့ လောလောဆယ် အုပ်စိုးနေဆဲ စစ်အစိုးရက ရက်ရက်စက်စက် ခြေမှုန်းပစ်ခဲ့ပါတယ်၊

ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို ၁၉၉၀ ခုနှစ်မှာ ကျင်းပခဲ့ပြီး ဒေါ်အောင်ဆန်းစုကြည်ဦးဆောင်တဲ့ ကျနော်တို့ရဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ၈၂ ရာနှုန်းကျော်ရွေးချယ်ခံရပြီး အပြတ်အသတ်အနိုင်ရရှိခဲ့ပါတယ်။ ဒါပေမယ့်လို့ ဒီကနေ့ထိရွေးကောက်ပွဲရလဒ်ကို စစ်အစိုးရက အသိအမှတ်ပြုမှုမရှိခဲ့သေးပါဘူး။ အဲ့ဒီအစိုးရကပဲ အခု ၂၀၁၀ ခုနှစ်မှာ နောက်ထပ်ရွေးကောက်ပွဲကျင်းပပေးမယ်လို့ ကြေငြာနေခဲ့ပြန်ပါပြီ။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က အပြတ် အသတ်အနိုင်ရရှိပြီး နောက်ပိုင်းမှာ သူ့ရဲ့အာဏာကို ဆက်လက်ချုပ်ကိုင်ထားဖို့ အရက်မဲ့တဲ့ ကြိုးပမ်းအားထုတ်မှုတခုအနေနဲ့ ရွေးကောက်ပွဲရလဒ်ကို အသိအမှတ်ပြုဖို့ ချက်ခြင်းပဲ ငြင်းပယ်ခဲ့ပြီး ပါတီခေါင်းဆောင်တွေနဲ့ ရွေးချယ်ခံထားရတဲ့ လွှတ်တော်အမတ်တွေ ဖမ်းဆီးခဲ့ပြီး အချို့လွှတ်တော်အမတ်တွေကို ပြည်ပကို ရောက်သွားအောင် မောင်းထုတ်ပစ်ခဲ့ပါတယ်၊ ၁၉၉၀ ခုနှစ် ရွေးကောက်ပွဲမှာ လွှတ်တော်အမတ်နေရာတွေ အနိုင်ရရှိခဲ့တဲ့ပါတီတွေဟာ တိုင်းပြည်ရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကို အတူတကွ မူကြမ်းရေးဆွဲဖို့ဆိုတဲ့ အမျိုးသားညီလာခံကို အတင်းအကျပ်တက်ခိုင်းတာကို ခံခဲ့ကြရပါတယ်။ ဒါပေမယ့်လို့ ဒီညီလာခံဟာ ကျနော်တို့ တိုင်းပြည်ရဲ့ အနာဂတ်ကို ပုံဖော်နိုင်လောက်အောင် တရားမျှတလွတ်လပ်တဲ့နေရာတခု မဟုတ်ခဲ့ပါဘူး။ လွတ်လပ်တဲ့ ဆွေးနွေးပြောဆိုမှုတွေကို ကန့်သတ်ချုပ်ချယ်ထားခဲ့ပြီး တိုင်းပြည်ရဲ့ နိုင်ငံရေးရာတွေမှာ စစ်တပ်ကို ဦးဆောင်မှုအခန်းကဏ္ဍပေးအပ်ထားတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေအတွက် လမ်းညွှန်မှုတွေကို အစိုးရက ချမှတ်ခဲ့ပြီးဖြစ်ပါတယ်။ အခြေခံမှုတွေကို ညီလာခံ ပြင်ပမှာ ရေးဆွဲထားခဲ့ပြီး ကိုယ်စားလှယ်တွေကို အတင်းအကျပ်ထောက်ခံစေခဲ့ပါတယ်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ ကိုယ်စားလှယ်တွေက ညီလာခံကို သပိတ်မှောက်ခဲ့ကြပြီး အစိုးရကို မြန်မာနိုင်ငံက ပြဿနာတွေကို ငြိမ်းချမ်းစွာဖြေရှင်းဖို့ အစိုးရအနေနဲ့ တွေ့ဆုံဆွေးနွေးမှုကို တောင်းဆိုခဲ့ကြပါတယ်။

၂၀၀၇ ခုနှစ်မှာ ၁၃ နှစ်ကြာ ပြန်စလိုက် ရပ်လိုက်လုပ်လာခဲ့တဲ့ အမျိုးသားညီလာခံကြီး ပြီးဆုံးသွားခဲ့ပါတယ်။ နောက်ပိုင်းမှာတော့ အစိုးရ ရွေးချယ်ခန့်အပ်ထားတဲ့ကော်မရှင်က အဆုံးသတ်ပေးခဲ့ပြီး အစိုးရက အဲ့ဒီဖွဲ့စည်းပုံအခြေခံဥပဒေကို ၂၀၀၈ ခုနှစ် မေလမှာ တိုက်ခတ်ခဲ့တဲ့ နာဂစ်ဆိုင်ကလုံးမုန်တိုင်း ပြီးသွားကာစမှာပဲ ဆန္ဒခံယူပွဲတခုကျင်းပပြီး ထောက်ခံအတည်ပြုခဲ့ပါတယ်။ မြန်မာနိုင်ငံရဲ့ အဓိကနေရာဒေသတွေဟာ ဆိုင်ကလုန်းမုန်တိုင်းကြီးကြောင့် ပျက်စီးသွားခဲ့ပြီး လူပေါင်း ၁၄၀၀၀၀ ကျော်သေဆုံး၊ သန်းပေါင်းများစွာ

အိုးမဲ့အိမ်မဲ့ဖြစ်သွားခဲ့ပေမယ့် အစိုးရက ဆန္ဒခံယူပွဲကို ရွှေ့ဆိုင်းပေးဖို့ ငြင်းဆန်ခဲ့ပါတယ်။ မြန်မာနိုင်ငံက ပြည်သူလူထုက အဲ့ဒီလို ကြေကွဲစရာဝမ်းနည်းအဖြစ်ဆိုးကြီး အပြီးမှာ မုန်တိုင်းဒဏ်ခံခဲ့ရတဲ့သူတွေကို ကယ်တင်ဖို့ အပြင်းအထန်ကြိုးစားလုပ်ဆောင်ပြီး ကယ်ဆယ်ရေး ပစ္စည်းတွေပေးဝေနေတဲ့ အချိန်မှာပဲ စစ်အစိုးရဟာ သူ့ရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကို ၉၀% ကျော်သော မဲဆန္ဒနဲ့ထောက်ခံအတည်ပြုခဲ့ပြီလို့ အရှက်မရှိ ကြေငြာခဲ့ပါတယ်။ အခုတခါ အစိုးရက ၂၀၁၀ ခုနှစ်မှာ လွပ်လပ်ပြီး တရားမျှတတဲ့ ရွေးကောက်ပွဲ ကျင်းပပေးမယ်လို့ ကြေငြာနေပြန်ပါပြီ။

ဂျပန်နိုင်ငံ နိုင်ငံခြားရေးရာဌာနက ထုတ်ပြန်ကြေငြာချက်ကို AFP သတင်းဌာနကိုးကားဖော်ပြချက်အရ ဂျပန်နိုင်ငံခြားရေးဝန်ကြီးနဲ့ အလည်အပတ်ရောက်ရှိနေတဲ့ ကုလသမဂ္ဂ အထူးသံတမန် မစ္စတာဂန်ဘာရီတို့က မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီ တည်ဆောက်ရေးဖြစ်စဉ်မှာ သက်ဆိုင်တဲ့ ပါတီအဖွဲ့အစည်း တွေအားလုံးပါဝင်ကြဖို့ လိုအပ်ကြောင်း သဘောတူညီခဲ့ကြသလို နိုင်ငံတကာက ချီးကျူးလက်ခံတဲ့ ပုံသဏ္ဍာန် တခုနဲ့ ၂၀၁၀ ခုနှစ်မှာ အထွေထွေရွေးကောက်ပွဲတခု ကျင်းပပေးဖို့ မြန်မာအစိုးရကို တိုက်တွန်းအားပေးဖို့လည်း သဘောတူညီခဲ့ကြတယ်လို့ ဆိုပါတယ်။ ဂျပန်အစိုးရနဲ့ ကုလသမဂ္ဂ အထူးကိုယ်စားလှယ်တို့ဟာ အစိုးရကို ၂၀၁၀ ခုနှစ်မှာရွေးကောက်ပွဲ ကျင်းပပေးစေချင်သလို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နဲ့ တိုင်းရင်းသားနိုင်ငံရေးပါတီတွေကိုလည်း အဲ့ဒီရွေးကောက်ပွဲမှာ ပါဝင်စေချင်တဲ့သဘောပါပဲ။

ကျနော်တို့ရဲ့ အနေအထားကတော့ ရှင်းပါတယ်။ ဒေါ်အောင်ဆန်းစုကြည်အပါအဝင် နိုင်ငံရေးအကျဉ်းသား ၂၁၀၀ ကျော်ကို အကျဉ်းထောင်တွေကနေ လွှတ်ပေးပြီးတိုင်းပြည်ရဲ့ နိုင်ငံရေး လုပ်ငန်းစဉ်မှာ အပြည့်အဝလွတ်လွတ်လပ်လပ် ပါဝင်ဆောင်ရွက်ခွင့်ပြုသင့်ပါတယ်။ ဒီဖွဲ့စည်းပုံ အခြေခံဥပဒေကို စစ်တပ်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နဲ့ တိုင်းရင်းသား ကိုယ်စားလှယ်တွေပါဝင်တဲ့ သုံးပွင့်ဆိုင်အဖွဲ့တခုက ပြန်လည်လေ့လာ သုံးသပ်ပြင်ဆင် ရေးသားသင့်ပါတယ်။ ဒီအခြေအနေတွေ ပြည့်စုံပြီးမြောက်မှပဲ နိုင်ငံလုံးဆိုင်ရာ ရွေးကောက်ပွဲကို ကျင်းပသင့်ပါတယ်။

ကျနော်တို့က စီစဉ်ထားတဲ့ ၂၀၁၀ ရွေးကောက်ပွဲကို တိုင်းပြည်အတွက် တကယ့်စိုးရိမ်စရာ အန္တရာယ်တခုလို့ မြင်ပါတယ်။ ဒီ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေက အခြေခံလူ့အခွင့်အရေးနဲ့ ဒီမိုကရေစီကို အာမမခံပါဘူး။ တရားဥပဒေစိုးမိုးမှုကို မထေမဲ့မြင်ပြုထားတာပါ။ အုပ်ချုပ်ရေး၊ တရားစီရင်ရေးနဲ့ ဥပဒေပြုရေးအာဏာတွေ အပါအဝင်အာဏာအားလုံးကို စစ်တပ်က ထိမ်းချုပ်ထားပြီး တိုင်းရင်းသားလူမျိုးစုတွေကို လျှော့ပါး အားနည်းအောင်လုပ်၊ ဗမာလူများစုကြီးရဲ့ လက်အောက်ခံဖြစ်အောင် လုပ်ထားတာဖြစ်ပါတယ်။ ဒီဖွဲ့စည်းပုံအခြေခံဥပဒေကို အနာဂတ်မှာ ပြင်ဆင်ဖို့ မဖြစ်နိုင်အောင်လည်း လုပ်ထားတာပါ။ ရှင်းနေတဲ့ အချက်ကတော့ ရွေးကောက်ပွဲဟာ မြန်မာနိုင်ငံမှာ ရေရှည်တည်တန့်ခိုင်မြဲတဲ့ စစ်အာဏာရှင်စနစ်တခုကိုသာ ဖြစ်ပေါ်လာစေပါလိမ့်မယ်။ ရွေးကောက်ပွဲပြီးတဲ့အခါ အစိုးရရဲ့ အုပ်ချုပ်မှုကို ဆန့်ကျင်စိန်ခေါ်မှုတွေ၊ ဖွဲ့စည်းပုံအခြေခံ ဥပဒေပြုပြင်ဖို့ တောင်းဆိုမှုတွေ ဆက်ပြီး ဖြစ်နေအုံးမှာဖြစ်ပြီး တချို့တိုင်းရင်းသားလူမျိုးစုအုပ်စုတွေက ကိုယ်ပိုင်အုပ်ချုပ်ခွင့်နဲ့ တန်းတူညီမျှရေးအတွက် တိုက်ခိုက်မှုတွေ ပြန်စကြပါလိမ့်မယ်။ နိုင်ငံရေးအကျဉ်းသားတွေလည်း အကျဉ်းထောင်တွေထဲမှာ ရှိနေပါလိမ့်မယ်။ ဒုက္ခသည်တွေလည်း အသက်ရှင်ရပ်တည်ရေးအတွက် ဒုက္ခသည်စခန်းတွေထဲမှာ ဆက်လက်နေထိုင် ရုန်းကန်နေရအုံးမှာ ဖြစ်သလို ပြည်တွင်းနေရာ ရွှေ့ပြောင်းခံနေသူတွေဟာလည်း တောထဲတောင်ထဲမှာ ဆက်ပြီး ပုန်းအောင်းနေကြရအုံးမှာပါပဲ။ "အစိုးရကို သူ့ရဲ့တဘက်သက် အစီအစဉ် ဆက်လုပ်ခွင့်ပြုမယ်ဆိုရင် အနာဂတ်မြန်မာနိုင်ငံဟာအစိုးရရဲ့ ကောက်ကျစ်ရက်စက်မှုတွေနဲ့ ပြည့်လျှမ်းနေလိမ့်မှာ ဖြစ်ပြီး ပြည်သူလူထု အာခံဆန့်ကျင်မှုတွေ ဆက်လက်ဖြစ်ပေါ်နေမှာ ဖြစ်သလို ပြည်တွင်းစစ်ကလည်း အားကောင်းပြင်းထန်နေပါလိမ့်အုံးမယ်။"

ကျနော်တို့က ဂျပန်အစိုးရအပါအဝင် ကုလသမဂ္ဂနဲ့ အပြည်ပြည်ဆိုင်ရာကို မျှော်လင့်တာက ရွေးကောက်ပွဲအသစ်ကို သူတို့မထောက်ခံခင်မှာ အမျိုးသားပြန်လည်သင့်မြတ်ရေးကို ရှေ့ရှုတဲ့ ကျနော်တို့ တောင်းဆိုနေတဲ့ သုံးပွင့်ဆိုင်ဆွေးနွေးပွဲ ဖြစ်လာအောင် အစိုးရကို အမြင့်ဆုံး ဖိအားပေးလာတာကိုပါပဲ။ ၂၀၁၀ ခုနှစ် ရွေးကောက်ပွဲဟာ ဒီမိုကရေစီတည်ဆောက်ရေး အတွက် အခွင့်အလမ်းတခု ဖြစ်တယ်လို့ ယုံကြည်ကြတဲ့ သူတွေကိုတော့ ကျနော်တို့က 'ကိုယ့်ဆန္ဒကို ဂရုပြုပါ' ဆိုတဲ့ ဆိုရိုးစကားဟောင်းတစ်ခုကို အသုံးပြုပြီးပြောချင်ပါတယ်။ ဒီရွေးကောက်ပွဲဟာ မြန်မာနိုင်ငံတခုတည်းအတွက်တင် စိုးရိမ်စရာအန္တရာယ်တခု ဖြစ်စေတာမဟုတ်ပဲ ဒေသတခုလုံးရဲ့ ငြိမ်းချမ်းရေးနဲ့ လုံခြုံရေးအတွက်လည်း စိုးရိမ်စရာတခု ဖြစ်စေပါတယ်။ ။



**ဦးဝင်းတင်**

**[ ဦးဝင်းတင်ဟာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ ဗဟို အလုပ်အမှုဆောင်ကော်မတီဝင် တဦးဖြစ်သလို တည်ထောင်သူတစ်ဦးလည်း ဖြစ်ပါတယ်။ သူဟာ ဝါရင့်သတင်းစာဆရာကြီးတဦးဖြစ်ပြီး ဟံသာဝတီသတင်းစာရဲ့ အယ်ဒီတာချုပ်ဟောင်းလည်းဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ သက်တမ်းအရှည်ကြာဆုံး နိုင်ငံရေးအကျဉ်းသားတယောက်အဖြစ် ၁၉၈၉ ခုနှစ်က ၂၀၀၈ အထိ ၁၉ နှစ် ကျော်ကျော် အကျဉ်းကျခံခဲ့ရသူဖြစ်ပါတယ်။]**

**ဘာသာပြန်ဆိုသူ ။ ။ စိုးနေလင်း**

ဆရာဦးဝင်းတင်ရဲ့ ဒီဆောင်းပါးကို ဂျပန်နိုင်ငံ အဆာဟိရှင်ဘွန်း သတင်းစာမှာ ဂျပန်ဘာသာနဲ့ ၂၀၀၉ ခုနှစ် မေ ၁၇ ရက်နေ့က ဖော်ပြခဲ့ပြီး၊ ဆရာစိုးနေလင်းက ဆရာဦးဝင်းတင်ရဲ့ အင်္ဂလိပ်မူကို မြန်မာဘာသာပြန်ပါတယ်။

# မြန်မာ့အမျိုးသမီးသမဂ္ဂ တက်တက်ကြွကြွ လှုပ်ရှား

## လူ့အခွင့်အရေး စကားဝိုင်း

**မေ ၂၀။**

၂၀ မေ ၂၀၀၉ တွင် မြန်မာ့အမျိုးသမီးသမဂ္ဂ စင်တာမှ ဦးစီး၍ လူ့အခွင့်အရေးစကားဝိုင်းတစ်ခုကို မဲတောင်ရှိ စက်ရုံအလုပ်ရုံများမှ အလုပ်သမားများနှင့်ပြုလုပ်ခဲ့သည်။ စုစုပေါင်း(၂၄)ဦး တက်ရောက်ခဲ့ပါသည်။ မြန်မာ့အမျိုးသမီးသမဂ္ဂ စင်တာတာဝန်ခံ မမာမာအေးမှ ဦးဆောင်ဆွေးနွေးပေးခဲ့သည်။ အခြေခံလူ့အခွင့်အရေးကို နားလည်ရန်ဦးစွာဆွေးနွေးပြီးနောက် စကားဝိုင်းတတ်ရောက်လာသူများ၏ လူ့အခွင့်အရေး ချိုးဖောက်ခံရသော အတွေ့အကြုံနှင့် လူ့အခွင့်အရေးနှင့်အတူ နေထိုင်နိုင်သည့် အခြေအနေ၊ စသည်ဖြင့် ချိန်းဆက်၍ ပြန်လည်ဆွေးနွေးခြင်းများ ပြုလုပ်ခဲ့သည်။

လူ့အခွင့်အရေးစကားဝိုင်းသို့ တတ်ရောက်ခဲ့သူ တစ်ဦးက "မြန်မာနိုင်ငံတွင် ကျောင်းပြီးခဲ့သောလည်း လူ့အခွင့်အရေး အကြောင်းကို သင်ယူခဲ့ရခြင်း၊ လေ့လာ မှတ်သားခဲ့ရတာမျိုးမရှိခဲ့ပါဘူး၊ အခုလို စကားဝိုင်းကို တတ်ရောက်ပြီးမှ လူ့အခွင့်အရေးရဲ့ အနှစ်သာရကိုသိရပြီး နာအဖရဲ့ လူ့အခွင့်အရေးချိုးဖောက်မှုများကိုလည်း သိရတာ ဖြစ်ပါတယ်။ နောင်လည်း စကားဝိုင်းတွေလုပ်ရင် ကျမတို့ကို ဖိတ်ပါ" ဟုလှိုက်လှိုက်လှဲလှဲပြောခဲ့ပါသည်။

**မြန်မာ့အမျိုးသမီးသမဂ္ဂ။**

## နိုင်ငံတကာမိခင်များနေ့ နှင့် အမျိုးသမီးအခွင့်အရေး စကားဝိုင်း



**မေ ၁၀။**

မေလ ဒုတိယအပတ်တိုင်း ကျရောက်သည့် နိုင်ငံတကာမိခင်များနေ့တွင် စက်ရုံမှ အလုပ်သမားအမျိုးသမီးများကို မြန်မာ့အမျိုးသမီးသမဂ္ဂ စာကြည့်တိုက်တွင်ဖိတ်ကြား၍ စကားဝိုင်းတခုပြုလုပ်ခဲ့ပါသည်။ ထိုစကားဝိုင်း၏ နံနက် ပိုင်း တွင် နိုင်ငံတကာမိခင်များနေ့ ဖြစ်ပေါ်လာပုံသမိုင်းကြောင်းကို မြန်မာ့အမျိုးသမီးသမဂ္ဂ၏တွဲဖက်အထွေထွေ အတွင်းရေးမှူး(၁) မနိုးနိုးထက်စံမှ ပြောပြခဲ့ပြီး တဦးချင်းစီအား မိမိတို့၏ မိခင်များကိုဂုဏ်ပြုသည့်အနေဖြင့် မိခင်များနှင့်ပတ်သက်သည့် ဂုဏ်ယူစရာများကို ဖလှယ်ခဲ့ကြပါသည်။ များသောအားဖြင့် စက်ရုံအလုပ်ရုံတွင် လာရောက် အလုပ်လုပ်ကိုင်ကြသောသူများသည် မိခင်များနှင့် ဝေးကွာရခြင်းကြောင့် မိမိ၏ရင်တွင်းခံစားချက်ဖွင့်ပြောရာတွင် ပြန်လည်တမ်းတ ကြေကွဲခြင်းများဖြစ်သောကြောင့် အပြန်အလှန်နှိမ့်သိမ့်ခဲ့ကြပါသည်။ နိုင်ငံတကာမိခင်များနေ့တွင် နိုင်ငံ၏ မိခင်ကြီးဖြစ်သော ဒေါ်အောင်ဆန်းစုကြည်၏ ကျန်းမာရေး အခြေအနေမကောင်းမှုနှင့် သူမ၏ဆရာဝန်အားထိန်းသိမ်းခံရခြင်းအကြောင်းကို သတင်းအချက်အလက်တစ်ခုအနေဖြင့် ဆွေးနွေးပေးခဲ့သည်။ ဒေါ်အောင်ဆန်းစုကြည်နှင့်ပတ်သက်၍လည်း ဝမ်းနည်းကြောင်းကိုလည်း စကားဝိုင်းတက်ရောက်လာသူများက ပြောခဲ့သည်။ ထို့ နောက် လက်ရှိနိုင်ငံရေးအခြေအနေများကို ဆွေးနွေးတင် ပြခဲ့သည်။

ညနေပိုင်းတွင် အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားထားမှုအားလုံး ဖျက်သိမ်းရေးသဘောတူစာချုပ် (CEDAW) အကြောင်းကို မြန်မာ့အမျိုးသမီးသမဂ္ဂ အဖွဲ့ဝင် မော်အယ်ဝါးမှ ဦးဆောင်ဆွေးနွေးခဲ့ပါသည်။ အမျိုးသမီးအခွင့် အရေးဆိုတာဘာလဲ။ အမျိုးသမီးအခွင့်အရေးအကြောင်းနှင့် ပတ်သက်၍ ဘာကြောင့်သိရှိရန် လိုအပ်သည်ဆိုသည့် အကြောင်းကို ဆွေးနွေးခဲ့ပါသည်။ စက်ရုံမှအမျိုးသမီးများသည် အမျိုးသမီးအခွင့်အရေး နှင့်ပတ်သက်၍ ကြားဖူးသူတချို့ရှိသော်လည်း သေချာနားလည်ခဲ့ခြင်းမရှိခဲ့။ ယခုကဲ့သို့ ဆွေးနွေးပေးခြင်းဖြင့် ပိုမို နားလည်လာသည်ဟုသိရပါသည်။ စကားဝိုင်းတတ်ရောက်သူများမှ နောက်နောင် စကားဝိုင်းများပြုလုပ်ရာတွင် ယခုကဲ့သို့ ဗဟုသုတများကို ဆက်လက်ဆွေးနွေးပေးစေလိုကြောင်းနှင့် စကားဝိုင်းကိုလည်း ဖိတ်ကြားစေလိုကြောင်း တောင်းဆိုခဲ့ကြသည်။ စကားဝိုင်းကို စုစုပေါင်း ၂၀ ဦး တတ်ရောက်ခဲ့သည်။

**မြန်မာ့အမျိုးသမီးသမဂ္ဂ။**

# ၁၁၉ ကြိမ်မြောက် မေဒေးနေ့အခမ်းအနား စုပေါင်းကျင်းပခြင်း

**မေ ၁။**

(၁၁၉)ကြိမ်မြောက်မေဒေးအခမ်းအနားကို ထိုင်းနိုင်ငံ၊ မဲဆောက်ရှိ ထိုင်းနှင့် မြန်မာအလုပ်သမားအကျိုးဆောင်အဖွဲ့ အစည်းများ စုပေါင်းကျင်းပခဲ့ပါသည်။ အခမ်းအနားကို မဲဆောက်တွင် နေရာများခွဲ၍ ကျင်းပ ပြုလုပ်ခဲ့ကြသည်။

အခမ်းအနားတစ်ခုကို Social Action for Women (SAW) အလယ်တန်းကျောင်းတွင်ပြု လုပ်ခဲ့ပါသည်။ ထိုအခန်းအနားကို အလုပ်သမားအကျိုးဆောင် အဖွဲ့အစည်းများဖြစ်ကြသည့် Joint Action Committee for Burmese Affair (JACBA), Foundation for Education and Development (FED-GHRE), Federation of Trade Unions - Burma (FTUB), Arakan Workers' Union (AWU), Burmese Women's Union (BWU), Lobor Law Clinic (LLC), Social Action for Women (SAW), Committee for the Protection and Promotion of Child Rights (CPPCR), Drug Abuse Resistance Education (DARE), Burma Lawyers' Council(BLC)နှင့် ထိုင်းနိုင်ငံရှေ့နေများကောင်စီတို့ ပူးပေါင်းပါဝင်ကျင်းပခဲ့ကြပါသည်။ အလုပ်သမားများနှင့် အဖွဲ့အစည်းများ စုစုပေါင်း (၁၅၀)တက်ရောက်ခဲ့ပါသည်။ ထိုအခမ်းအနားတွင် မေဒေးဖြစ်ပေါ်လာပုံသမိုင်းကြောင်း၊ ရွှေ့ပြောင်းအလုပ်သမားဘ၀ ရင်ဖွင့်စကား၊ အလုပ်သမားများအား ထိုင်းအလုပ်သမားဥပဒေနှင့်ပတ်သက်၍ မည်မျှသိသနည်းကို ပဟေဠိဉာဏ်စမ်း ပြိုင်ပွဲနှင့် အကများ တင်ဆက်ဖျော်ဖြေသွားခဲ့ကြပါသည်။ အခမ်းအနားအပြီးတွင် အလုပ်သမားတွေထဲမှ သွေးလှူဒါန်းလိုသူများကို မယ်တောင်ဆေးခန်းသို့ပို့ဆောင်ပေးခဲ့သည်။

ရောင်ခြည်ဦး အလုပ်သမားရုံးတွင် ပြုလုပ်သော အခမ်းအနားတွင်လည်း အလုပ်သမားများနှင့်အဖွဲ့အစည်းများမှ စုစုပေါင်း လူဦးရေ ၆၀၀ ကျော်တတ်ရောက်ခဲ့သည်။ (သတင်းပေါ်ပြထား)

မေဒေးနေ့ အခမ်းအနားကို ယူဂျီးလာဟိုတယ်နှင့် BLSO တို့တွင်လည်း ကျင်းပခဲ့သည်ဟု သိရှိရပါသည်။

**မြန်မာ့အမျိုးသမီးသမဂ္ဂ။**

## မဲဆောက်မြို့ မေဒေးနေ့အခမ်းအနား အလုပ်သမား ၆၀၀ ကျော်တက်ရောက်

**မေ ၁။**



(၁၁၉) ကြိမ်မြောက် နိုင်ငံတကာအလုပ်သမားနေ့ကို ထိုင်းနိုင်ငံ၊ မဲဆောက်မြို့ ရောင်ခြည်ဦး အလုပ်သမားရုံးတွင် စည်ကားစွာကျင်းပခဲ့သည်။ ရောင်ခြည်ဦး အလုပ်သမားများအဖွဲ့မှ အထွေထွေအတွင်းရေးမှူး ဦးမိုးဆွေမှ မေဒေးနေ့ အမှာစကား ပြောကြားရာတွင် မေဒေးနေ့ ကျင်းပရခြင်း ရည်ရွယ်ချက်နှင့် မတရားမှုနှင့် မမျှတမှုများကြောင့် ကမ္ဘာ့အနှံ့အပြားတွင် အလုပ်သမားတိုက်ပွဲများ ဆက် လက်ရှိနေဆဲဖြစ်ပြီး မိမိတို့ အခွင့်အရေးအတွက် မိမိတို့ကိုယ်တိုင် ရုန်းထတိုက်ပွဲဝင်ကြရန်ပြောကြားသွားသည်။

အလုပ်သမားနေ့အခမ်းအနားတွင် မိုးကြိုးသတင်းစာ အယ်ဒီတာချုပ်မှ မေဒေးနေ့ ဖြစ်ပေါ်လာပုံသမိုင်းနှင့် အလုပ်သမားများ ယခုလို တစုတဝေးတည်း တွေ့ဆုံရတာ အလုပ်သမားထုရဲ့ အင်သစ်အားသစ်တွေ အဖြစ်ခံစားရကြောင်းနှင့် အလုပ်သမားများ စည်လုံးညီညွတ်ရန်အတွက် ပြောကြားသွားပါသည်။ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးငွေလင်းမှလည်း လူ့အဖွဲ့အစည်းတွင် အလုပ်သမားတို့၏ အခန်းဂဏ္ဍ မည်မျှအရေးကြီးကြောင်းကို မြန်မာနိုင်ငံ အလုပ်သမားလှုပ်ရှားမှုနှင့် နိုင်ငံတကာ အလုပ်သမားလှုပ်ရှားမှု သမိုင်းကြောင်းများဖြင့် ဆက်စပ်ပြောကြားသွားခဲ့သည်။

ပန်းရုံ(စက်ချုပ်ရုံ)၊ ဟိုင်းရတ် (သိုးမွေး)စက်ရုံနှင့် ထိုင်းစန်းသိုးမွေးစက်ရုံမှ အလုပ်သမားများကလည်း လုပ်ငန်းခွင်နှင့် အလုပ်သမားတိုက်ပွဲအတွေ့အကြုံများကို ပြောကြားသွားခဲ့ကြသည်။

မေဒေးနေ့အခမ်းအနားကို အလုပ်သမား ၆၀၀ ကျော် တက်ရောက်ခဲ့ပြီး လက်ရှိမြန်မာနိုင်ငံနှင့် ပြည်ပရောက် မြန်မာအလုပ်သမားများ၏ အခြေအနေများကို သံချပ်ထိုး သရုပ်ဖော်မှုများ၊ ပဟေဠိ အစီအစဉ်များ၊ အလုပ်သမားများအား ကံစမ်းမဲဖောက်ပေးခြင်း၊ ပျော်ပွဲ ရွှင်ပွဲများ၊ အကျွေးအမွေးများဖြင့် ဧည့်ခံခဲ့ကြသည်။

ယခုနှစ် ၁၁၉ ကြိမ်မြောက်မေဒေးနေ့ အခမ်းအနားကို ရောင်ခြည်ဦးအလုပ်သမားများအဖွဲ့ (YCOWA)နှင့်အတူ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ (DPNS) ၊ မြန်မာ့အမျိုးသမီးသမဂ္ဂ BWU၊ အဝေးရောက် ရောဝတီအသင်း(OIA)၊ MAP Foundation၊ ရခိုင်အလုပ်သမားသမဂ္ဂ (AWU)၊ ရခိုင်အလုပ်သမားလှုပ်ရှားမှုအဖွဲ့ (ALC)၊ ပန်းဂံကော် (PKGWA) စသော အဖွဲ့ ၈ ဖွဲ့ဖြင့် ပူးပေါင်းကျင်းပခဲ့ခြင်း ဖြစ်သည်။

# တလအတွင်း သတင်းမှတ်စု

- နေအိမ်အကျယ်ချုပ်ဖြင့် ထိန်းသိမ်းခံနေရသည့် ဒေါ်အောင်ဆန်းစုကြည်၏ အင်းလျားကန်စောင်းနေအိမ်သို့ ရေကူးဝင်ရောက်ခဲ့မှုနှင့် မေလ ၆ ရက်နေ့က အဖမ်းခံခဲ့ရသည့် အမေရိကန်နိုင်ငံသားကို တွေ့ဆုံခွင့်ပေးရန် အကြိမ်ကြိမ် မေတ္တာရပ်ခံသော်လည်း မြန်မာစစ်အစိုးရက မသိကျိုးကျွံပြုလုပ်နေသည်ဟု မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံရုံးက ပြောသည်။ (RFA 080509)
- ဒေါ်အောင်ဆန်းစုကြည်၏ နေအိမ်အတွင်း အမေရိကန်နိုင်ငံခြားသားတစ်ဦး ဝင်ရောက်မှုသတင်းနှင့်အတူ သူ၏ ဓာတ်ပုံကို ဖော်ပြခွင့်ရရေးအတွက် ပြည်တွင်းရှိ သတင်းတိုက်များ စောင့်ဆိုင်းနေကြသည်။ (Mizzima 110509)
- ဒေါ်အောင်ဆန်းစုကြည်၏ နေအိမ်သို့ တိတ်တဆိတ် ခိုးဝင်ခဲ့ကာ ဖမ်းဆီးခံရသည်ဟုဆိုသော အမေရိကန်နိုင်ငံသား Mr. John Willian Yeattaw အကြောင်းကို လူများပြောနေဆဲဖြစ်ကာ အင်တာနက် စာမျက်နှာတချို့တွင် ဒေါ်အောင်ဆန်းစုကိုလည်း တိုက်ခိုက်ရေးသားနေသည်။ (Irrawaddy 130509)
- ဒေါ်အောင်ဆန်းစုကြည်အား နိုင်ငံတော်ကို နှောင့်ယှက်ဖျက်ဆီးလိုသော ဘေးအန္တရာယ် ပုဒ်မ (၂၂) ရာဇသတ်ကြီး ပုဒ်မ (၁၀၉)ဖြင့် နအဖစစ်အစိုးရက အင်းစိန်ထောင်အထူးတရားရုံးတွင် တရားစွဲဆိုလိုက်ပြီဖြစ်ကြောင်း အမှုလိုက် ရှေ့နေတစ်ဦးဖြစ်သူ ဦးအောင်သိန်းက ပြောသည်။ (NEJ/ Irrawaddy/ DVB/ Mizzima/ RFA 140509)
- ဒေါ်အောင်ဆန်းစုကြည်ကို အင်းစိန်ထောင်သို့ ပို့ကာ ထောင်တွင်း တရားရုံးတွင် တရားစွဲဆိုလိုက်သည်ဟူသော သတင်းကြောင့် ရန်ကုန်မြို့ခံများက အံ့အားသင့်နေကြသည်။ (Irrawaddy 140509)
- နအဖစစ်အစိုးရက ဒေါ်အောင်ဆန်းစုကြည်အား ထိန်းသိမ်းထားသည့် သတင်းနှင့် ပတ်သက်၍ မြန်မာပြည်သားအများစုမှာ ပြည်ပရေဒီယို အသံလွှင့်သတင်းများကို စိတ်ဝင်တစား စောင့်မျှော်နားထောင်နေကြကြောင်း ရန်ကုန် မြို့ရှိ သတင်းထောက်များက ပြောသည်။ (Irrawaddy 150509)
- ဒေါ်အောင်ဆန်းစုကြည် ရောက်ရှိနေသော အင်းစိန်ထောင် ပတ်ဝန်းကျင်တွင် လုံခြုံရေး အထူးတင်းကျပ်ထား သည်။ (Irrawaddy 150509)
- နော်ဝေးနိုင်ငံအခြေစိုက် ဒီမိုကရက်တစ်မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်များအပါအဝင် ဒေါ်အောင်ဆန်းစုကြည်အကြောင်းအား မဲဆောက်အခြေစိုက် STV ရုပ်မြင်သံကြားလိုင်းမှ ထပ်ဆင့်ထုတ်လွှင့်ပေးသဖြင့် မဲဆောက်ဒေသတွင်းရောက် သိန်းနှင့်ချီသည့် မြန်မာနိုင်ငံသားများအားပေးကြည့်ရှုနေကြသည်။ (NEJ 150509)
- ယနေ့နံနက် (၁၁) နာရီတွင် မလေးရှားရောက် NLD အဖွဲ့ဝင်များ၊ DPNS အဖွဲ့ဝင်များနှင့် BWRPC အဖွဲ့ဝင်များပူးပေါင်း၍ ဒေါ်အောင်ဆန်းစုကြည်အား လွှတ်ပေးရေးလှုပ်ရှားဆန္ဒပြမှုတစ်ရပ်ကို မြန်မာသံရုံးနှင့် အမေရိကန်သံရုံးရှေ့တွင် ပြုလုပ်ခဲ့သည်။ (NEJ 150509)
- ၁၉၉၁ ငြိမ်းချမ်းရေးနိုဘယ်ဆုရ ဒေါ်အောင်ဆန်းစုကြည် ထောင်သွင်းထိန်းသိမ်းခံရသည့်အပေါ် နော်ဝေးနိုင်ငံ နိုဘယ်ဆုရွေးချယ်ရေးကော်မတီက မြန်မာစစ်အစိုးရကို ပြစ်တင်ရှုတ်ချလိုက်ကာ ဒေါ်စုအားအမြန်ဆုံး ပြန်လွှတ်ရန် တောင်းဆိုလိုက်သည်။ (RFA 160509)
- ဒေါ်အောင်ဆန်းစုကြည်ကို ဖမ်းဆီးကာ တရားစွဲဆို ရုံးတင်လိုက်သည့်အပေါ် မြန်မာနိုင်ငံလုံးဆိုင်ရာ သံဃာ့တပ်ပေါင်းစု၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ရဟန်းပျိုသမဂ္ဂ၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများအဖွဲ့ချုပ်၊ ၈၈ မျိုးဆက်ကျောင်းသားများအဖွဲ့များက ကန့်ကွက်ရှုတ်ချကြောင်းနှင့် ဒေါ်အောင်ဆန်းစုကြည်အား ပြန်လွှတ်ပေးရန် တောင်းဆိုကြောင်း မေလ (၁၇) ရက်နေ့က ကြေညာချက် ထုတ်ပြန်လိုက်သည်။ (RFA 170509)
- ယနေ့တွင် ဒေါ်အောင်ဆန်းစုကြည်ကို ရုံးတင်စစ်ဆေးမည်ဖြစ်သဖြင့် ဆန္ဒပြပွဲများ မပေါ်ပေါက်စေရန် စစ်တွေမြို့တွင် အာဏာပိုင်များက လုံခြုံရေးကို အထူးတင်းကျပ်လိုက်ပြီ ဖြစ်သည်။ (Narinjara News 170509)
- ဒေါ်အောင်ဆန်းစုကြည်အား ယနေ့ ရုံးတင်စစ်ဆေးရာ အင်းစိန်အကျဉ်းထောင်သို့ နိုင်ငံခြားသံရုံး ၄ ခုမှ သံတမန်များ လာရောက်ကြသည်ကို လုံခြုံရေးအာဏာပိုင်များက တားဆီးပိတ်ပင် လိုက်သည်။ (Irrawaddy 180509)
- ယနေ့နံနက် ၁၀ နာရီ၌ ပြုလုပ်မည့် မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်တို့အား ကြားနာစစ်ဆေးမှုကို အများပြည်သူရှေ့တွင် လွတ်လပ်စွာ စစ်ဆေးပေးရန် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် ရှေ့နေများက တောင်းဆိုလိုက်သည်။ (DVB 180509)
- ဒေါ်အောင်ဆန်းစုကြည်ကို ရုံးထုတ်သည့် ယနေ့တွင် အစောင့်ချထားသော ရဲများ အင်းစိန်လမ်းမတလျှောက်ပြည့်နေကာ အင်းစိန်လမ်းမပေါ်၌ ပြေးဆွဲနေသည့် ခရီးသည်တင်ယာဉ်လိုင်းအချို့ကို စီးလာသည့် ခရီးသည်များ လိုရာခရီးကို မသွားနိုင်ဘဲ အခက်တွေ့နေရသည်။ (NEJ 180509)
- မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်အား နေအိမ်မှ အင်းစိန်ထောင်သို့ ပြောင်းရွှေ့ကာ တရားစွဲဆိုထားသည့် သတင်းကို ပြည်တွင်းအပတ်စဉ်ထုတ် ဂျာနယ်များတွင် ပုံနှိပ်ဖော်ပြရန် ခွင့်မပြုကြောင်း ရန်ကုန်အခြေ စိုက် သတင်းဂျာနယ် အသိုင်းအဝန်းက ပြောသည်။ (Irrawaddy 180509)
- ဒေါ်အောင်ဆန်းစုကြည် စတင်အမှုရင်ဆိုင်နေရသည့် ယနေ့တွင် မြန်မာ့အရေးလှုပ်ရှားသူများက နိုင်ငံတကာရှိ မြန်မာသံရုံးများသို့ သွားရောက်ကာ ပြင်းပြင်းထန်ထန် ဆန္ဒပြနေကြသည်။ (Irrawaddy 180509)
- အများပြည်သူရှေ့မှောက်တွင် တရားစီရင်ပါရန် ဒေါ်အောင်ဆန်းစုကြည်၏ ရှေ့နေများက တရားသူကြီးများထံ ယနေ့လျှောက်ထားရာတွင် အင်းစိန်ထောင်အတွင်းရှိ အထူးတရားရုံးက ပယ်ချလိုက်သည်။ (Mizzimz 180509)

- မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို ရုံးတင်စစ်ဆေးနေသည့်အပေါ် အရှေ့တောင်အာရှ နိုင်ငံသားများအသင်း အာဆီယံက အထူးစိုးရိမ်မိကြောင်းနှင့် လက်ရှိဥက္ကဋ္ဌ ထိုင်းနိုင်ငံက ဒေါ်အောင်ဆန်းစုကြည်ကို အမြန်ဆုံးလွှတ်ပေးရန်လည်း ကြေညာချက်ထုတ်ပြန်တောင်းဆိုလိုက်သည်။ (NEJ/ Mizzima 190509)
- ဒေါ်အောင်ဆန်းစုကြည်အမှုနှင့် စပ်လျဉ်းသည့်သတင်းကို နအဖစစ်အစိုးရ သတင်းစာများက ယနေ့ထည့်သွင်းဖော်ပြရာတွင် ဒေါ်အောင်ဆန်းစုကြည်ကို တရားခံဟု သုံးနှုန်းရေးသားထားသည့်အတွက် ရန်ကုန်စာနယ်ဇင်း အသိုင်းအဝိုင်းမှ စိတ်ဆိုးဒေါသထွက်နေကြသည်ဟု ပြည်တွင်းအမျိုးသမီးသတင်းထောက်ငယ်တစ်ဦးက ပြောသည်။ (NEJ 190509)
- မြန်မာနိုင်ငံသို့ နိုင်ငံတကာမှ လက်နက်ရောင်းချမှုများ ရပ်ဆိုင်းရေး၊ မတရားချုပ်နှောင်ခံနေရသော ဒေါ်အောင်ဆန်းစုကြည် လွတ်မြောက်ရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်ရန် နိုင်ငံဖဲလ်ငြိမ်းချမ်းရေးဆုရှင် ၈ ဦးက ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် ဘန်ကီမွန်းကို ယမန်နေ့က တိုက်တွန်းတောင်းဆိုလိုက်သည်။ (Irrawaddy 190509)
- ယနေ့ညက မျိုးဆက်သစ်လူငယ်များအစည်းအရုံး (Generation Wave) အဖွဲ့ဝင်လူငယ်များက လုံခြုံရေးတင်းကျပ်နေသည့် ရန်ကုန်မြို့လယ်နေရာအချို့တွင် ဒေါ်အောင်ဆန်းစုကြည် လွတ်မြောက်ရေးလှုပ်ရှားမှုများ ပြုလုပ်ခဲ့သည်။ (RFA 190509)
- အမှုရင်ဆိုင်နေရသည့် ဒေါ်အောင်ဆန်းစုကြည်ကို တောင်အာဖရိကနိုင်ငံနှင့် တောင်ကိုရီးယားနိုင်ငံမှ ထိပ်တန်းခေါင်းဆောင်များက ချက်ချင်းလွှတ်ပေးရန် တောင်းဆိုရင်း တချိန်တည်းတွင် တောင်အာဖရိကနိုင်ငံမှ Gandhi Development Trust အဖွဲ့က ငြိမ်းချမ်းရေးနှင့် ပြန်လည်ရင်ကြားစေ့ရေးအတွက် နိုင်ငံတကာ မဟတ္တမဂန္ဒီ (MAGI) ဆုကို ချီးမြှင့်လိုက်သည်။ (Irrawaddy/ Mizzima 220509)
- အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် (NLD) ခေါင်းဆောင်တစ်ဦးဖြစ်သည့် ဦးဝင်းတင်နှင့် NLD အဖွဲ့ဝင်များက ဒေါ်အောင်ဆန်းစုကြည် အမှုရင်ဆိုင်ရာ အင်းစိန်ထောင်အနီးသို့ သွားရောက်စောင့်ကြည့်နေမှုအပေါ် လုံခြုံရေးအရ စိုးရိမ်ရကြောင်း ရှေ့နေဦးအောင်သိန်းက ပြောသည်။ (Irrawaddy 220509)
- ဒေါ်အောင်ဆန်းစုကြည်အိမ်သို့ ရေကူးဝင်ရောက်သူ အမေရိကန် နိုင်ငံသား ဂျွန်ဝီလျာယက်တော သတင်းသည် မြန်မာနိုင်ငံအပေါ် နိုင်ငံတကာ ဖိအားပေးမှုများ တိုးမြှင့်စေရန် ရည်ရွယ်သည့် အတိုက်အခံအင်အားစုများ၏ လုပ်ကြံမှုတစ်ခုတပိုင်းဖြစ်သည်ဟု မြန်မာနိုင်ငံခြားရေးဝန်ကြီး ဦးဉာဏ်ဝင်းက ယနေ့ပြောကြားလိုက်သည်။ (Irrawaddy/ Mizzima 220509)
- လက်ရှိတရားရင်ဆိုင်နေရသည့် ဒေါ်အောင်ဆန်းစုကြည်အပေါ် မခိုင်မာသည့် စွဲချက်တင်ထားမှုနှင့် ပတ်သက်၍ ကမ္ဘာ့ကုလသမဂ္ဂ လုံခြုံရေးကောင်စီအဖွဲ့ဝင် နိုင်ငံများအနက် အင်အားအကြီးဆုံး နိုင်ငံ ၁၅ နိုင်ငံက မြန်မာနိုင်ငံ၏ နိုင်ငံရေးအခြေအနေအတွက် စိုးရိမ်ပူပန်ကြောင်း ထုတ်ဖော်ပြောကြားလိုက်သည်။ (Irrawaddy 230509)
- အမေရိကန်နိုင်ငံသား ဂျွန်ဝီလျံယက်တောအမှုနှင့် ပတ်သက်၍ ဒေါ်အောင်ဆန်းစုကြည် အပြစ်မရှိကြောင်း သောကြာနေ့က တရားရုံးတွင် ဖြေကြားခဲ့သည်ဟု အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD ပြောရေးဆိုခွင့်ရှိသူ ဦးဉာဏ်ဝင်းက ပြောသည်။ (Irrawaddy/ Mizzima 230509)
- ဒေါ်အောင်ဆန်းစုကြည်အမှုနှင့် စပ်လျဉ်း၍ အာဆီယံအဖွဲ့အလှည့်ကျ ဥက္ကဋ္ဌ ထိုင်းနိုင်ငံ၏ မေ (၁၈)ရက်နေ့ ထုတ်ပြန်ကြေညာချက်ပေါ် နအဖက ကန့်ကွက်သည့်အပြင် ထိုင်းနိုင်ငံက မြန်မာနိုင်ငံ၏ ပြည်တွင်းကို ဝင်ရောက်စွက်ဖက်သည်ဟုလည်း စွပ်စွဲပြောဆိုလိုက်သည့် ကြေညာချက်တစ်စောင်ကို ယနေ့ထုတ် အစိုးရသတင်းစာများတွင် ဖော်ပြထားသည်။ (NEJ 250509)

**(NDD) သုတေသနနှင့် မှတ်တမ်းတင်ဌာန၏ တလအတွင်းမြန်မာ့သတင်း –၂၀၀၉ ခုနှစ်၊ မေလမှ ထုတ်နှုတ်ဖော်ပြသည်။**

ပထမအကြိမ်ညီလာခံ၊ စတုတ္ထအကြိမ်၊ မူဝါဒရေးရာဦးဆောင်အဖွဲ့အစည်းအဝေး

(၂၀၀၈ခုနှစ် ဇွန်လ ၁၇–၁၈ ရက်)

လုပ်ငန်းစဉ်(၈)ရပ်

၁ ။ မြန်မာနိုင်ငံဒီမိုကရက်တစ်အင်အားစုအား ကျစ်လစ်ခိုင်မာအောင် တည်ဆောက်ခြင်း

၂ ။ မဟာဗျူဟာညှိနှိုင်းတိုင်ပင်ခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်း

၃ ။ မဟာမိတ်အဖွဲ့အစည်းများနှင့် ဘုံလုပ်ငန်းစဉ်များ ဆောင်ရွက်ခြင်း

၄ ။ တက်ကြွလှုပ်ရှားသူအင်အားစု ကွန်ယက်များ တည်ဆောက်ခြင်း

၅ ။ လှုံ့ဆော်ပညာပေးရေးနှင့်ကိုယ်စီအခွင့်အရေးတိုက်ပွဲများ ဆက်စပ်ဆောင်ရွက်ခြင်း

၆ ။ တနိုင်ငံလုံးအတိုင်းအတာဆောင်သော လူထုလှုပ်ရှားမှုများဖော်ဆောင်ခြင်း

၇ ။ စစ်တပ်/ရဲ စသည်တို့အား ပြည်သူ့ဖက်ပါဝင်လာစေရန် စည်းရုံးခြင်း

၈ ။ နိုင်ငံတကာမှ မိမိတို့၏ ဒီမိုကရေစီဖော်ဆောင်ရေးလမ်းကြောင်းကို ထောက်ခံပံ့ပိုးစေရေးနှင့် စစ်အာဏာရှင်စံနစ်သက်ဆိုးရှည်မှု ဆောင်ရွက်နေမှုများကို ဟန့်တားစေရေး စည်းရုံးလှုံ့ဆော်ခြင်း